
mgyoe.com




# မောင်သော်က

# ကြက်ကောင်းနှိုး ငါးမိအိုး

ဝတ္ထုတိုများ

mgyoe.com

mgyoe.com




# မောင်သော်က

## ကြက်ကန်း နှင့် ဂျီးပီအိုး

## ဝတ္ထုတိုများ

ISBN9789997119872
NF94
9 789997 119872
2,500.00KS

mgyoe.com

ကြက်ကန်းနှင့် ငါးပိအိုး ဝတ္ထုတိုများ၊ မောင်သော်က
မျက်နှာဖုံးသရုပ်ဖော် - မောင်မောင်အောင်
စာမျက်နှာ ၂၁၈ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– ၁၉၆၅၊ မေလထုတ် 'မောင်သော်က ဟာသဝတ္ထုများ'
စာအုပ်မှ အမှာစာ က
၁။ ပြည်တော်သစ်ရိပ်သာ အခန်းအမှတ် ၂၅ ၁
၂။ ဂေါက်သီးနှင့် ဂေါက်တေး ၂၈
၃။ ရေဘုံပိုင် သရဲမကလေး ၄၅
၄။ ပုလဲငုပ်သမား ဘသက် ၅၇
၅။ သမားတော်ကြီး ၇၅
၆။ ချွေးစစ်သည် ၈၇
၇။ ငါးမျှားသွားခြင်းအကြောင်း ၁၀၀
၈။ အလင်းဝင် မောင်ပြေအေး ၁၁၀
၉။ မာစီးဒီးမားနီးယား ၁၂၅
၁၀။ ကြွက်စာရေးကလေး ၁၄၉
၁၁။ ပင်မှည့် ၁၆၉
၁၂။ ကြက်ကန်းနှင့် ငါးပိအိုး ၁၈၆
၁၃။ တစ်နေ့တော့ မောင် ပြန်လာမယ် ၂၀၆


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ၁၉၆၅ မေလထုတ် "မောင်သော်က ဟာသဝတ္ထုများ" စာအုပ်မှ

## အမှာစာ

'မောင်သော်က၏ဟာသများ' စာအုပ်မှာ ၁၉၆၅ ခုနှစ်ဆီမှ အစပြုလျက် မဂ္ဂဇင်းအသီးသီးတွင် ကျွန်တော် ရေးသားခဲ့သော ဟာသဝတ္ထုတိုများကို စုပေါင်းရိုက်နှိပ်ခြင်း ဖြစ်ပေသည်။

ယနေ့ မြန်မာစာပေလောကတွင် ဟာသ စာရေးဆရာများမှာ ဝမ်းနည်းစရာကောင်းလောက်အောင် ရှားပါးခဲ့သည်။ တစ်ချိန်က ဟာသစာရေးဆရာများအဖြစ် ထင်ရှားခဲ့ကြသော နောင်တော်စာရေးဆရာကြီးများမှာလည်း အကြောင်းအမျိုးမျိုးကြောင့် ဟာသစာပေကို ကျောခိုင်း၍သွားကြပြီ။ သူတို့ဘာ့ကြောင့် ကျောခိုင်းကြလေသနည်း။

ရသဆယ်ပါးတွင် ဟာသရသကို ပေးစွမ်းနိုင်သော စာပေသည် ခေတ်အမျိုးမျိုးတွင် ထွန်းကားပေါ်ပေါက်ခဲ့ကြ

mgyoe.com

mgyoe.com



ပါသည်။ ဖတ်သူတို့၏ ဟာဒယနှလုံးကို ရွှင်ပြုံးစေသည်၊ နှစ်သိမ့်ကြည်နူးစေသည်၊ အဖန်တလဲလဲ ဖတ်လိုကြသည်။ သို့သော် ဟာသကို ဖော်ထုတ်သည့် စာရေးဆရာသည် ကြာသော် ဟာသကို ဖန်တီးနိုင်စွမ်းမရှိတော့။

အကယ် ဟာသမြောက်အောင် ရေးနိုင်သည့် ပညာသည် အခက်ခဲဆုံး ပညာတစ်ရပ်ဖြစ်သည်။ ဟာသကို ဖော်ထုတ်နိုင်ရန်မှာလည်း အခြေအနေက ပေးစွမ်းမှသာ ဖြစ်ပေမည်။ ဟာသစာရေးဆရာသည် ပစ္စက္ခအခြေအနေတစ်ရပ်တွင် တည်ရှိသည့် အယူအဆများ၊ အမူအကျင့်များ၊ လူအများက တန်ဖိုးရှိလှပါသည်ဟု ဝိုင်းဝန်းချီးကျူးနေကြသော သဘောတရားများကို ဟာသအမြင်ဖြင့်မြင်ကာ ပြောင်မြောက်စွာ သရော်ကျီစယ်တတ်ခြင်းပင် ဖြစ်သည်။

ပျော်စေ၊ ပြက်စေ၊ ကလက်စေ ဟူသော ခွင့်ပြုချက်ကို စာပေစင်မြင့်မှ ထုတ်နုတ်လိုက်လျှင် ဟာသစာရေးဆရာသည် ငုတ်တုတ်ထိုင်နေရုံသာ ရှိတော့သည်။

ဟာသမြောက်သော စာရေးဆရာသည် မည်သူတစ်စုံတစ်ဦးကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်ကိုသော်လည်းကောင်း နစ်နာစေလိုသော၊ အရှက်တကွဲဖြစ်စေလိုသောဆန္ဒ လုံးဝမရှိရ။ ဟာသဝတ္ထုတစ်ခုသည် တခြားသူများအတွက် ဟာသဖြစ်သော်လည်း တစ်စုံတစ်ဦးအတွက် ထိခိုက်နစ်နာနေပါက ဟာသမမြောက်တော့ပေ။

ကျွန်တော့်ဝတ္ထုများသည် အားလုံး ဟာသမြောက်သည်ဟု ကျွန်တော် မဆိုလိုပါ။ ချွတ်ယွင်းချက်အနည်းအများဆိုသလို ရှိပေမည်။ လွန်ခဲ့သောအချိန်က ရှိခဲ့သည့်

mgyoe.com

mgyoe.com



အခြေအနေနှင့် ကိုက်ညီ၍ ဟာသမြောက်ခဲ့သော ဝတ္ထုတစ်ပုဒ်သည် ယနေ့အခြေအနေတွင် ရယ်ဖွယ်ကောင်းသော်မှ ကောင်းတော့မည်။ ဟာသတန်ဖိုး လျော့ပါးသွားနိုင်ပေသည်။ တစ်ဖန် ကျွန်တော့်ဟာသများသည် တစ်စိတ်တစ်ပိုင်းသော စာဖတ်ပရိသတ်က အထူးနှစ်ခြိုက် သဘောတွေ့သော်လည်း တစ်စိတ်တစ်ပိုင်းသော စာဖတ်ပရိသတ်က ဘာကို ရယ်ရမည်မသိအောင်ပင် ရှိချင်ရှိပေမည်။ ဤသည်ကိုလည်း ကျွန်တော် ဘာမျှမတတ်နိုင်ချေ။

တစ်ခါတစ်ရံတွင် ဟာသစာရေးဆရာသည် အငြိမ့်စင်ပေါ်မှ လူပြက်ကဲ့သို့ပင် ရှိချေမည်။ တက္ကသိုလ် ဧည့်ခံပွဲများတွင် ပရိသတ်တဝေါဝေါဖြစ်အောင် ပြက်ခဲ့သည့် ပြက်လုံးများကို တောရွာဘုန်းကြီးပျံပွဲများ၌ ဦးကြီးတို့က သဘောပေါက်ကြမည်မဟုတ်ပေ။ အလားတူပင် ဦးကြီးတို့အတွက် ပတ်တုတ်မရသော ပြက်လုံးများကို မြက်ခင်းပြင်ပေါ်မှ နိုင်လွန်၊ တက်ထရွန် အစ်ကို၊ အစ်မတို့ တုတ်တုတ်မျှ လှုပ်ကြမည် မဟုတ်ချေ။

အခက်တကာ့ အခက်ဆုံးတွင် ဘာသာပြန်ဟာသသည် အခက်ဆုံးဖြစ်တော့သည်။ စရိုက်သဘာဝမတူသော လူမျိုးတစ်မျိုး၏ ဟာသကို မြန်မာစာဖတ်ပရိသတ်သို့ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဖြန့်ဝေရန်မှာ ယနေ့ ပပက၏ ပြဿနာ လောက် ကြီးလေးလှသည်။

ဆိုရှယ်လစ်လောကသို့ ချီတက်နေသော ယနေ့ခေတ်ပြောင်း တော်လှန်ရေးအချိန်အခါတွင် စာပေလောကတစ်ခုလုံးသည် ယောက်ယက်ခတ်နေသည်။ ဆိုရှယ်လစ်စာပေကို

mgyoe.com

mgyoe.com



ရေးမည်ဟု ကြုံးဝါးလျက် လယ်တောထဲ ဆင်းကြသည်၊ စက်ရုံလေ့လာကြသည်။ ဆိုရှယ်လစ်စီးပွားရေး အထောက်အကူဖြစ်စေမည့် မျက်နှာဖုံးနီနီ၊ စာအုပ်ထူထူကြီးများကို အတုံးအခဲလိုက် ဘာသာပြန်နေကြသည်။ အသည်းကွဲ စာရေးဆရာ၊ အချစ်စာရေးဆရာများက ဆိုရှယ်လစ်တိုင်းပြည်များတွင် မည်သို့များ ချစ်ကြသည်၊ အသည်းကွဲကြသည်ကို လေ့လာရန် ဆိုဗက်စပို့ရုပ်ရှင်များကို အပြေးအလွှားကြည့်ကြသည်။ ဆိုရှယ်လစ်လောကသို့ ချီတက်မည့် ဤစာပေရထားတွဲကြီးတွင် ကျွန်တော်တို့ ဟာသစာရေးဆရာများ တွဲပျောက်လျက်ရှိနေကြသည်။

ကျွန်တော်တို့သည် ရယ်စရာခေါင်းပါးနေပြီလော…။ Sense of humour ခေါ် ဟာသဗီဇ ဖဝနညာဏ်သည် လူမျိုးတစ်မျိုး၏ အကျင့်စရိုက်ကို ပေါ်လွင်စေသည်။ ဟာသဗီဇနည်းသောလူမျိုးသည် လောကဓံတရားကို ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိမည်မဟုတ်။ ကျွန်တော်တို့ မြန်မာလူမျိုးသည် စရိုက်သဘာဝအရ ဟာသဗီဇခေါင်းပါးလှသည်တော့ မဟုတ်ချေ။

သို့စဉ်လျက် ကျွန်တော်တို့၏ မြန်မာစာပေလောကတွင် ဟာသစာအုပ်များ ခေါင်းပါးနေသည်မှာ ကောင်းသောလက္ခဏာတစ်ရပ်မဟုတ်ပေ။ စာဟောင်း ပေဟောင်းများမှ ဟာသများကို ပြန်လည်ဖော်ထုတ်သည်ဖြစ်စေ၊ အသစ်အသစ်သော ဟာသများဖြင့်ဖြစ်စေ စာဖတ်ပရိသတ်ကို ဟဒယဆေး တိုက်ကျွေးရန်မှာ ကျွန်တော်တို့ စာပေဝန်ထမ်းများတွင် တာဝန်ရှိပေသေးသည်။

သို့ကြောင့် မြန်မာစာပေလောကတွင် တစ်စွန်းတစ်စ

mgyoe.com

mgyoe.com



ကလေးမျှသာဖြစ်သော ကျွန်တော်၏ကြိုးပမ်းမှုကို စာဖတ် ပရိသတ်များသို့ ပြန်လည်ထုတ်ဖော်ပေးရသည့်အတွက် ကျွန်တော့်တွင် များစွာနှစ်ထောင်းအားရ ရှိမိပါကြောင်း။

စာဖတ်သူ ချစ်ဆွေ၏

မောင်သော်က

* ၁၉၆၅ မြစာစဉ်မှ ထုတ်ဝေခဲ့သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပြည်တော်သစ်ရိပ်သာ အခန်းအမှတ် ၂၅

ကိုသက်တင်သည် မြောက်လေ သုတ်ဖြူးစပြုပြီဖြစ်သော ဆောင်းဦး၏ ညဥ့်သန်းခေါင်ယံတွင် ခြေဦးတည့်ရာ လျှောက်လျက်ရှိသည်။ သူသည် ဘယ်ဆီသို့လျှောက်မည်ဟု စိတ်ပိုင်းဖြတ်ထားခြင်း လုံးဝမရှိဘဲ အိမ်မှ ထွက်လာကတည်းက သူ၏ ခြေများ သယ်ယူရာသို့သာ ကိုယ်ခန္ဓာက လိုက်ပါလျက်နေခြင်းဖြစ်သည်။ ခြေထောက်များကလည်း မောင်းပြန်မြင်း၏အသိမျိုးဖြင့် ကမ်းနားဘက်ဆီသို့ ဆွဲဆောင်လျက်ရှိသည်။ ဒီလိုပင်လျှောက်ခဲ့ရသော ညပေါင်းကလည်း မနည်းလှပြီကိုး။

"ဟေ့... မောင်သက်တင်၊ မင်းအခန်းကို ဒီနေ့ည ငါ အသုံးပြုချင်တယ်ကွာ။ ဟဲ... ဟဲ... ဟဲ... ညနေ ၆ နာရီခွဲပွဲအပြီး လာခဲ့မယ်ဟေ့။ ဒီတော့ ၉ နာရီသာသာလောက်ဆိုရင် မင်း လစ်ပေတော့။ အခန်းသော့ကိုတော့ ခါတိုင်းနေရာမှာပဲ ထားခဲ့၊ ဟုတ်လား"

ညနေ ရုံးမဆင်းမီတွင် ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သော သူ

mgyoe.com


ဦးဘနီက သူ့ရုံးခန်းတွင် ခေါ်လျက် အမိန့်ရှိသောကြောင့် "ဟုတ်ကဲ့" ဟုသာ ပြောနိုင်ခဲ့သည်။

"ရော့... ရော့... မင်း ငွေ ၂၀ ယူထား၊ တို့ တစ်ညလုံး နေချင် နေမှာ၊ မင်း ဆန်းရှိုင်းမှာ အိပ်ချင်အိပ်"

"နေပါစေခင်ဗျာ၊ ကျွန်တော့်မှာရှိပါတယ်"

"အို... မင်းကလည်း လုပ်မနေစမ်းပါနဲ့၊ ရော့ပါ ယူပါ"

ဦးဘနီက ဆယ်တန်နှစ်ချပ် ဇွတ်အတင်းပေးနေသည်ကိုလည်း ဆက်လက်မငြင်းသာဘဲ လက်ခံယူခဲ့ရသည်။ ဒီလိုပင် မန်နေဂျင်းဒါရိုက် တာလူကြီးများဖြစ်သော ဦးဘနီမှအစ ကုမ္ပဏီမှ ဒါရိုက်တာများ သူတို့၏ အသိမိတ်ဆွေ လူကြီးလူကောင်းဆိုသူများအတွက် အခန်းကို သုံးခွင့်ပြု ခဲ့ရသော အကြိမ်ပေါင်းကလည်း မနည်းလှပြီ။

"ဒီဟာလေးက စပါယ်ရှယ်ဆိုပဲ။ ဒီ့ပြင်ဟိုတယ်တွေ ဘာတွေ ခေါ်သွားဖို့ရာကလည်း သူ့အဆင့်အတန်းနဲ့ မကိုက်ဘူး ငါ့ညီရ၊ ဟဲ... ဟဲ..."

ဦးဘနီက ကြွားသလိုလေသံဖြင့် ထုတ်ဖော်ပြောသည်ကိုပင် သူ့မှာ ခံနေရအခက်၊ စိတ်ဆိုးရအခက်ဖြစ်တော့၏။

တစ်ခါတစ်ရံတော့ ကိုသက်တင်သည် သူ့ဘဝကို သူ စိတ်နာမိသည်။ သူ့ဆန်စားရဲမှ ဆိုသကဲ့သို့ သူတို့ကုမ္ပဏီတွင် လခစားလုပ်နေ၍ ကုမ္ပဏီအလုပ်ကို မည်မျှပင်ပန်းအောင် လုပ်ပေးရသည်ကို မမှုသော်လည်း ယခုကဲ့သို့ အခြေမျိုးရောက်အောင် ဆရာသမားကြီးများ၏ စိတ်ကြိုက် လိုက်လျောနေရခြင်းပင် သူ့အကျင့်စာရိတ္တကို ထိခိုက်စေသည်ဟု သူက ယူဆသည်။ ထို့ကြောင့် စိတ်ပေါက်သည့်အခါ မိမိရရှိထားသော အစိုးရပိုင် ပြည်သူ့အိုးအိမ်ဌာနမှ တိုက်ခန်းကလေးကို ပြန်အပ်လျက် သင့်တော်ရာ တစ်အိမ်တွင်ကပ်နေမည်ဟု စိတ်ကူးပေါက်မိသည်။

mgyoe.com

mgyoe.com


သို့သော်လည်း လွှတ်လွှတ်လပ်လပ်နေချင်သော ဝါသနာနှင့် အားလပ်ချိန်ရသမျှ စာကြည့်နေရသော သူ့ဘဝအခြေတို့ကြောင့် အိမ်ခန်းကို လက်မလွှတ်ရဲဘဲရှိနေသည်။

နိုင်ငံရေးသမားများ ဘုန်းမီးနေလတောက်ချိန် ဖြစ်သည့်အလျောက် ကြီးပွားနေသော ငယ်သူငယ်ချင်း နိုင်ငံရေးသမားတစ်ဦး၏ စောင်မမှုကြောင့်သာ ဤတိုက်ခန်းကလေးကို ရတောင့်ရခဲ ရထားပြန်ရာ အိမ်ခန်းတစ်ခုကို စပေါ်အပျောက် မပေးနိုင်သော ကိုသက်တင်မှာ ရပြီးသား အိမ်ခန်းကို လက်မလွှတ်ရဲအောင်လည်း ရှိနေပြန်သည်။ ရန်ကုန်ရွှေမြို့တော်တွင် တစ်ကိုယ်ရေ တစ်ကာယ နေထိုင်ရသူတစ်ဦးအဖို့ နေထိုင်ရန် သပ်ရပ်သော တိုက်ခန်းတစ်ခုရထားခြင်းပင် ဧရာမလာဘ်လာဘကြီးမဟုတ်လော။ သို့ကြောင့် တစ်ကိုယ်ရေသမား လူပျိုကြီး ကိုသက်တင်မှာ မြာပွေသော လူကြီးများအတွက် အစဉ်ဓားစာခံ ဖြစ်ရသည်။ တစ်ခါတစ်ရံ ညပိုင်းသာမက တနင်္ဂနွေနေ့များ၌ နေ့ခင်းပင် ရှောင်ပေးရသည်လည်း ရှိခဲ့သည်။

ဦးဘနီတို့ကဲ့သို့သော လူကြီးလူကောင်းဆိုသူများသည် ရလေလိုလေ အိုတဏှာဆိုသည့် အစားမျိုးထဲကဖြစ်သည်။ ဦးဘနီ၏ဇနီးကို ကုမ္ပဏီ၌ မကြာခဏတွေ့ဖူး၏။ ရုပ်ရည် သနားကမား လှပသူဖြစ်လျက် ကိုယ်လုံးကိုယ်ပေါက် ဖွံ့ဖြိုးကာ ရိုးသားစွာလှပသော အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။ ဤမျှ ချစ်ဖွယ်ကောင်းသော ဇနီးကို ရရှိထားပါလျက် နွားအို မြက်နုကြိုက် ဆိုသကဲ့သို့ ပြင်ပမှ ချောချောလှလှဟူသမျှကို ရမ္မက်အာသာငမ်းငမ်းဖြင့် ငွေကုန်ခံကာ လိုက်စားတတ်သော တဏှာအိုးကြီးများကို ဒေါသဖြစ်မိသည်၊ ရွံမိသည်။ သို့သော် ကိုယ့်အလုပ်ရှင်ဖြစ်နေခြင်းကြောင့် မည်သို့မျှလည်း မပြောရဲအောင်ရှိသည်။

ကိုသက်တင်မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ဦးဘနီ

mgyoe.com

mgyoe.com


တို့၏ 'ရွှေပြည်ငွေပြည်' ကုမ္ပဏီတွင် စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း တစ်ဖက်ကလည်း သက်ကြီးတက္ကသိုလ်တွင် ဆက်လက်ဆည်းပူးနေရသူဖြစ်သည်။ ကုမ္ပဏီသို့ဝင်ရောက်ပြီး သုံးနှစ်တာမျှအတွင်း၌ ကိုသက်တင်မှာ ဌာနခွဲစာရေးကြီးအဖြစ် တိုးမြှင့်ခြင်းခံရကာ ဥပစာအပိုင်း(ခ)ကိုလည်း အောင်မြင်ပြီးဖြစ်ပေသည်။ ယခုလည်း ဝိဇ္ဇာအပိုင်း(က) စာမေးပွဲဖြေဆိုရန်အတွက် အပူတပြင်း စာကျက်ဆဲဖြစ်၏။

ဆွေမရှိ မျိုးမရှိ ရန်ကုန်တွင် လာရောက်လုပ်ကိုင် ရှာဖွေစားသောက်ရင်း ပညာဆည်းပူးနေရသူ ကိုသက်တင်မှာ မိဘနှစ်ပါးလည်း ငယ်စဉ်က ကွယ်လွန်ခဲ့လျက် ဦးလေးဖြစ်သူတစ်ဦး၏ ကျွေးမွေးစောင့်ရှောက်မှုကြောင့် ၁၀ တန်းအောင်မြင်ခဲ့သူဖြစ်သည်။ သူသည် ၁၀ တန်းအောင်မြင်ပြီးနောက် အညာဒေသရှိ ဦးလေး၏ အရိပ်အာဝါသအောက်မှ ထွက်ခွာကာ မိမိဘဝကို ရန်းကန်ကြိုးပမ်းနေသူတစ်ဦးမျှသာ ဖြစ်သည်။

ကိုသက်တင်သည် ပန်းဆိုးတန်းဆိပ်ကမ်းတံတား၌ ထိုင်ကာ မြစ်လယ်ရှိ သင်္ဘောကြီးများဆီသို့ ကြည့်ရင်း အတွေးနယ်ကျွံလျက် ရှိသည်။ အသက်အစိတ်ပိုင်းသို့ ချဉ်းခဲ့ပြီဖြစ်သော ကိုသက်တင်မှာ ဘဝတစ်သက်တာတွင် ချစ်ဖော်အမျိုးသမီးဟူ၍ တစ်ဦးတလေမျှ မည်မည်ရရ ရှိခဲ့သူမဟုတ်ချေ။ သူသည် အပြောအဆို ချောင်ပြေပြစ်လျက် ရုပ်ရည်အားဖြင့်လည်း ယောကျာ်းပီသစွာ ချောသူတစ်ဦးဖြစ်ခြင်းကြောင့် မိန်းကလေးများက သူနှင့် မိတ်ဆွေဖြစ်ရခြင်းကို ပျူငှာစွာ ကြိုဆိုလင့်ကစား အခြေတကျမရှိသေးသော သူ့ဘဝအခြေခံကြောင့် မည်သို့မျှ တိုးတက်ခင်မင်အောင် မချဉ်းကပ်ခဲ့ဖူးချေ။ ထို့အပြင် အချစ်ရေးတွင် အချိန်ကုန်ခံနိုင်လောက်အောင် အခြေအနေမပေးခြင်းကြောင့်လည်း အေးအေးပင် နေခဲ့သည်။

mgyoe.com

mgyoe.com


သို့တိုင်အောင် မခင်ဝေတစ်ယောက်ကိုမူ မည်ကဲ့သို့ သဘောထားရမည်မသိဖြစ်ခဲ့၏။ တစ်ခါတစ်ရံတွင် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ကြည့်မိသည်။ သူသည် မခင်ဝေအပေါ်တွင် များစွာ သံယောဇဉ်ရှိမိပြီဖြစ်သည်မှာ မှန်၏။ အလားတူပင် မခင်ဝေကလည်း သူ့အပေါ် သံယောဇဉ်ရှိသည်ဟု ယူဆဖွယ်ရာအကြောင်းများကလည်း ရှိနေသည်။ မခင်ဝေကို ချစ်မိနေပြီလောဟု သူ့ကိုယ်ကို မမေးဝံ့ မေးဝံ့ဖြင့် မေးစမ်းကြည့်မိသည်။ ချစ်နေသည်တော့ ဆိုရမည်။ သို့သော် အချစ်ဆိုသည်မှာ မည်ကဲ့သို့ရှိ၍ မည်သို့ပြင်းထန်သည်ကို မသိရှိ၊ မခံစားဖူးသေးသူတစ်ယောက် ဖြစ်ခြင်းကြောင့် ဤအချစ်သည်ပင် မခင်ဝေအား ဖွင့်ဟပြောပြအောင် လုံလောက်သည်ဟု မထင်မိပေ။ တစ်နည်းဆိုသော် သူ့အချစ်မှာ အစို့အညှောက်ပေါက်ခါစဖြစ်၍ မခင်ဝေအား ဖွင့်ပြောလောက်သည့် သတ္တိကိုလည်း သူ မရသေးချေ။

မခင်ဝေနှင့် 'ရွှေပြည်ငွေပြည်' ကုမ္ပဏီတွင် စတင်အလုပ် ဝင်ရောက်သည်မှ အစပြုကာ ရင်းနှီးသိရှိခဲ့သည်။ မခင်ဝေမှာ ကုမ္ပဏီ၏ လက်နှိပ်စက် စာရေးမကလေးဖြစ်၏။ မြန်မာလက်နှိပ်စက်သင်တန်းကို တက်ရောက်ခဲ့လျက် လက်နှိပ်စက်စာရေးမအဖြစ် မိခင်အိုကြီးနှင့် မောင်ကလေးကို ရှာကျွေးနေရသူကလေးဖြစ်သည်။ အစ်ကိုဖြစ်သူမှာ တပ်မတော်မှ ရုံးတစ်ရုံးတွင် တပ်ကြပ်ကြီးစာရေးကြီးတစ်ဦးမျှသာ ဖြစ်လျက် သူ့အိမ်ထောင်နှင့် သီးခြားနေခြင်းကြောင့် မခင်ဝေတို့ကို အဝေးမှသာ စောင့်ရှောက်နိုင်သူဖြစ်သည်။ မခင်ဝေ ရှာဖွေရသမျှလေးကို သာလျှင် သားအမိသုံးဦး ခြိုးခြံသုံးစွဲရင်း မောင်အငယ်ဆုံးကို ကျောင်းထားပေးနေရရှာသည်။

ရုံးတွင် မခင်ဝေနှင့် ကိုသက်တင်တို့စားပွဲမှာ နီးကပ်စွာရှိသည်။ နေ့လယ် ခေတ္တရုံးဆင်းချိန်တွင် ထမင်းစားထွက်လေ့ရှိသော ကိုသက်တင်

mgyoe.com

mgyoe.com



သည် ထမင်းစားရာမှ ပြန်လာတိုင်း နေ့လယ်စာမစားဘဲ ကော်ဖီကို ခတ်ဘူးဖြင့် ထည့်ယူလာတတ်သော မခင်ဝေက သူ့အတွက် ကော်ဖီ တစ်ခွက်ချန်ထားမြဲဖြစ်သည်ကို တွေ့ရတတ်သည်။

"မခင်ဝေကလည်းဗျာ... ဒုက္ခရှာလို့၊ ကျွန်တော် အခုပဲ ထမင်းစား လာတဲ့ဥစ္စာ၊ ရော့ပါ... မခင်ဝေပဲသောက်ပါ"

"ကျွန်မ သောက်ပြီးပြီ ကိုသက်တင်ရဲ့။ ဒါ ကိုသက်တင်အတွက် တမင် အိမ်ကအပိုဖျော်ယူလာပြီး ချန်ထားတာ။ ဘာလဲ... မခင်ဝေ တိုက်တာကို မသောက်ချင်လို့လား၊ ဟုတ်လား"

"ဟောဗျာ... ဘယ့်နှယ် မသောက်ချင်ရှိရမလဲ မခင်ဝေရယ်။ မခင်ဝေမှာ တစ်နေ့လုံး ထမင်းမစားဘဲ ကော်ဖီလေး၊ မုန့်လေးနဲ့ ပြီးနေ ရတာ။ ကျွန်တော်က ဝင်ရှယ်ယာခွဲလို့ ဘယ်မှာမျိုကျပါ့မလဲ"

"အမလေး ဖြစ်နေလိုက်တာ၊ ကျွန်မက မနက်စာကို အိမ်က မထွက်ခင်ကတည်းက စားလာတာရှင့်။ ညနေပြန်ရင်လည်း မေမေက အသင့်ချက်ပြီးသား၊ ခူးစားရုံပဲ။ ရှင့်လို အိမ်မရှိ ယာမရှိမဟုတ်ဘူး"

"ဩော်... ကလေကချေလေးများ တိုက်တယ်ဆိုပါတော့"

ကိုသက်တင်က ဝမ်းနည်းသံဖြင့် တမင်ပြောလိုက်ရာ မခင်ဝေ မှာ မျက်စိမျက်နှာပျက်သွားပြီး "အို... အို... ကျွန်မက ဒီလိုဆိုလိုတာ မဟုတ်ပါဘူး ကိုသက်တင်ရယ်၊ စိတ်မဆိုးပါနဲ့နော်။ ကျွန်မလေ ကိုသက်တင်တစ်ယောက်တည်း ဆွေမရှိ၊ မျိုးမရှိ နေရတာကို စိတ် မကောင်းလွန်းလို့ ပြောမိတာပါ၊ နော်... နော်..."

မခင်ဝေက တိုးလျှိုးသံဖြင့် တောင်းပန်နေပြန်ရာ ကိုသက်တင် မှာ စိတ်မကောင်းဖြစ်သွားလျက်...

"မလိုပါဘူး မခင်ဝေရယ်၊ မခင်ဝေ ဘယ်လိုစိတ်နဲ့ ပြောတယ်ဆို တာကို ကျွန်တော်သိပါတယ်။ တမင်ကျီစားတာပါ။ ကဲ... ပေး မနက်

mgyoe.com

mgyoe.com


က ရိုက်နေတဲ့စာတွေ ပြီးသွားပြီလား”

ကိုသက်တင်က အလုပ်ဘက်သို့ စကားပြောင်းလိုက်မှ မခင်ဝေမှာ မျက်နှာပြန်လည်လန်းဆန်းလာပြီး ရွှင်ရွှင်ပျပျဖြစ်လာတော့၏။ သည်လိုနှင့်ပင် သုံးနှစ်တာနီးပါးမျှ မခင်ဝေနှင့် ကိုသက်တင်တို့ ဆက်ဆံမှုမှာ ရှေ့မတိုး၊ နောက်မဆုတ်ရှိခဲ့သည်။ မခင်ဝေတို့ရုံးတွင် စာရေးလုပ်သူများမှာ မိမိအိုးအိမ်နှင့် အသက်အရွယ်ကြီးသူတွေသာ များလျက် မခင်ဝေနှင့် ကိုသက်တင်သာ လူငယ်ပိုင်းဟူ၍ရှိသည်။ သို့ကြောင့်လည်း တစ်ရုံးလုံးက မခင်ဝေတို့ ဆက်ဆံမှုကို မည်သူမျှ ငြိုငြင်ခြင်း၊ ဝန်တိုခြင်းမရှိကြဘဲ ကိုယ့်အလုပ်ကိုသာ အာရုံစိုက်နေကြသူများသာ ဖြစ်ကြသည်။ မခင်ဝေမှာ တစ်နေ့လုံး လက်နှိပ်စက်စားပွဲတွင် တချောက်ချောက်ရိုက်နေလျက် တစ်ခါတစ်ရံ မန်နေဂျင်းဒါရိုက်တာ ဦးဘနီ အစရှိသော လူကြီးများက အကြောင်းကိစ္စရှိ၍ ခေါ်မှသာ သူတို့အခန်းတွင်း သွားရောက်ရသည်။ မခင်ဝေကို မကြာခဏခေါ်၍ စာပေး၊ စာယူ၊ ပြန်စာများ နှုတ်တိုက်ချပေးလေ့ရှိသူမှာ ဦးဘနီသာ ဖြစ်လေသည်။

သက်ကြီးတက္ကသိုလ် ဥပစာအပိုင်း(ခ)ကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ခြင်းမှာလည်း မခင်ဝေ၏အားပေးမှု များစွာပါသည်ဟု ကိုသက်တင်က ဝန်ခံရပေမည်။ မခင်ဝေသည် ကိုသက်တင်၏ ပညာရှာမှီးမှု၌ များစွာ စိတ်ဝင်စားလျက် ယခုဘယ်အခြေသို့ ရောက်နေပြီ၊ ဘယ်ဘာသာရပ်များတွင် ကိုသက်တင် လျော့နေသည်ကို အစဉ်ဂရုတစိုက်မေးကာ အားပေးလေ့ရှိ၏။ စာမေးပွဲရက် နီးကပ်သောအချိန်များ၌ မျက်လုံးဟောက်ပက်ဖြစ်အောင် အိပ်ရေးပျက်ခံ စာကြည့်၍ ရုံးလာတက်နေသော ကိုသက်တင်ကို မခင်ဝေမှာ ကရုဏာသက်စွာဖြင့် ငေးကြည့်နေတတ်သည်။

“အမယ်… ဒီနေ့ ကော်ဖီမဟုတ်ပါဘူး၊ မခင်ဝေ ဘာပြောင်း

mgyoe.com

mgyoe.com


သောက်နေပြန်သလဲ"

နေ့လယ်ပိုင်း ကော်ဖီတိုက်နေကျဖြစ်သော မခင်ဝေ၏ ခါတ်ဘူးမှ ငှဲ့ပေးသည်ကိုသောက်ရင်း ကိုသက်တင်က စူးစမ်းလိုက်သည်။

"ဟုတ်တယ်၊ ဟောလစ်လေ"

"ဟင်… ဘယ့်နှယ် ဟောလစ်သောက်နေရတာလဲ၊ ဈေးကလည်းကြီးပါဘိသနဲ့"

"ဟုတ်… ဟုတ်ကဲ့၊ ကျွန်မ ကိုသက်တင် စာကြည့်ပြီး အိပ်ရေးပျက်နေလို့ အားရှိအောင်လို့ တမင်ဟောလစ်ဖျော်ယူလာတာ"

ကိုသက်တင်မှာ သောက်နေဆဲ ပန်းကန်ကို ကိုင်လျက် ငိုင်ရင်း မခင်ဝေ၏မျက်နှာကို တစိမ့်စိမ့်ကြည့်မိသည်။

"မလုပ်ပါနဲ့ မခင်ဝေရယ်၊ ကျွန်တော့်အတွက် မခင်ဝေမှာ ဘာမှအပိုတာဝန်မဖြစ်ပါစေနဲ့"

ကိုသက်တင်က အလွန်အားနာသံဖြင့် ပြောသည်ကို မခင်ဝေမှာ ခေါင်းကလေးငုံ့ကာ နားထောင်ရင်း ငြိမ်နေတတ်သည်။

ပိုးချည်မျှင်နုပမာ နူးညံ့သေးငယ်သော်လည်း ခိုင်ခံ့သည့်သဘောရှိသော သံယောဇဉ်အမျှင်ကြိုးကလေးများ တစ်ကြိုးပြီးတစ်ကြိုး ရစ်နှောင်လာသောအခါ မခင်ဝေကို ချစ်နေမိပြီလောဟု သံသယဖြစ်မိသည်။ မွေးချင်းပေါက်ဖော် ညီအစ်ကိုမောင်နှမ မရှိခဲ့၍လည်း မခင်ဝေအပေါ်တွယ်တာခြင်းမှာ မရှိခဲ့ဖူးသည့် ညီမလေးနေရာကိုသာ ပေးလို၍လောဟုလည်း တစ်ဖုံစဉ်းစားမိပြန်သည်။ မခင်ဝေကို ညီမလေးကဲ့သို့ ချစ်နေရလျှင်ပင် တော်ပေသေးသည်။ မိမိစိတ်တွင်း ဖြစ်ပေါ်ချက်ကို ထုတ်ဖော်ပြောပြလိုက်ကာမှ မိမိအပေါ် အထင်သေး အမြင်သေး ဖြစ်သွားကာ မခင်ဝေက မုန်းသွားခဲ့လျှင် ညီမလေးလို ချစ်စရာ တစ်ယောက်ပင် လျော့ပါးသွားမည်ကို စိုးရိမ်မိ၏။ ထို့ကြောင့် ကိုသက်တင်မှာ မခင်ဝေအပေါ်

mgyoe.com

mgyoe.com


၌ ညီမငယ်ထက်မနည်း အတိုင်းအတာ မသိသေးသော ချစ်ခြင်းမျိုးဖြင့်သာ ချစ်လျက်ရှိနေပြီဟု ဆိုရတော့မည်။

သူသည် ကမ်းနားတွင် ထိုင်ရာက ညဉ့်နက်လာပြီဖြစ်သည်နှင့် ပန်းဆိုးတန်းလမ်းတစ်လျှောက် အထက်သို့ တက်လာခဲ့သည်။ ဆန်းရှိုင်းဟိုတယ်မှ အပေါက်စောင့်မှာ ကိုသက်တင်ကို ကောင်းစွာသိနေသူဖြစ်ခြင်းကြောင့် ညဉ့်အချိန်မတော် နှိုးသော်လည်း အခက်အခဲမရှိချေ။ သူသည် ဟိုတယ်အိပ်ခန်း၌ တစ်ညတာကို ကုန်လွန်စေရပြန်တော့သည်။

*

ကိုသက်တင် အခန်းသို့ ပြန်ရောက်သောအခါ နံနက် ၇ နာရီခွဲခန့်ရှိပေပြီ။ သူသည် အိတ်တွင်း၌ အသင့်ပါလာသော သော့ဖြင့် တံခါးကို ဖွင့်လိုက်သည်။ ၎င်းသော့နှင့် အလားတူ သော့တစ်ချောင်းမှာ အိမ်အပြင်တံခါးဝ သစ်သားပေါင်နှင့် အုတ်နံရံကြား၌ ဝှက်ထားရသည်။ ထိုသော့တူမှာ ဦးဘနီတို့ အသုံးပြုလိုက ဖွင့်ရန်ပင်ဖြစ်သည်။ သူသည် တံခါးဖွင့်၍ အတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် တစ်စုံတစ်ရာကို ခြေဖြင့်တိုက်မိခြင်းကြောင့် ငုံ့၍ကြည့်လိုက်သည်။

သူတိုက်မိသောအရာမှာ သားရေအနက်ဖြင့် ပြုလုပ်ထားသော ခပ်ရှည်ရှည်သဏ္ဍာန် မိန်းမကိုင် လက်ပွေ့အိတ်တစ်ခုဖြစ်သည်။ သူက လက်ပွေ့အိတ်ကို ကုန်း၍ကောက်ယူလိုက်ပြီးနောက် ဖွင့်၍ကြည့်လိုက်သည်။ လက်ပွေ့အိတ်တွင်းဝယ် ပေါင်ဒါပက်ဖ်၊ နှုတ်ခမ်းနီ စသော မိန်းမပျိုတစ်ဦး၏ အသုံးအဆောင်များနှင့် ငွေလေးကျပ်ခန့်သာ တွေ့ရသည်။ အဖုံးဘက်တွင် တပ်ထားသော မှန်ငယ်ကလေးမှာ အလယ်တည့်တည့်မှ ကန့်လန့်ဖြတ် ကွဲအက်လျက်ရှိသည်ကိုလည်း တွေ့ရ၏။ ဦးဘနီနှင့် လိုက်ပါလာသည့် အမျိုးသမီးသည် လက်ပွေ့အိတ်ကို မေ့

mgyoe.com

mgyoe.com


သွားဟန် တူပေသည်။ သို့သော် မေ့သွားသည်ဆိုလျှင် အိပ်ခန်းတွင်း အိပ်ရာပေါ်တွင်လည်းကောင်း၊ ဧည့်ခန်းတွင်း စားပွဲပေါ်၌လည်းကောင်း ကျန်ရစ်နေဖို့ သင့်သည်။ ယခုမူ တံခါးပေါက်ဝတည့်တည့် ကျနေခြင်းကို မစဉ်းစားတတ်အောင် ရှိမိသည်။ သူသည် ဆက်လက်မတွေးဘဲ ရပ်လိုက်သည်။ ဤကိစ္စများမှာ မိမိနှင့်သက်ဆိုင်သည်မဟုတ်၊ ရုံးရောက်လျှင် လက်ပွေ့အိတ်ကို ဦးဘနီလက်သို့ ပြန်အပ်လိုက်ရုံသာရှိသည်။

သူသည် အိပ်ခန်းတွင်းသို့ ဝင်လိုက်သည်။ အိပ်ခန်းတွင်းရှိ အိပ်ရာမှာလည်း မိမိသွားစဉ်ကအတိုင်းသာ ရှိနေသည်။ သူသည် အိပ်ရာဘက်သို့ တစ်ချက်မျှကြည့်ပြီးနောက် ရုံးသွားရန်အတွက် ရေချိုးရန် စတင်ပြင်ဆင်လိုက်တော့သည်။

ကိုသက်တင်၏အိမ်ခန်းမှာ အိမ်ထောင်ပရိဘောဂဟူ၍ ဘာမျှ ပြည့်စုံအောင် ရှိသည်မဟုတ်ချေ။ အိပ်ခန်းတွင် အိပ်ရာတစ်ခု၊ စာကြည့်စားပွဲ၊ စာအုပ်စင်နှင့် ကုလားထိုင်တစ်လုံးသာရှိသည်။ ဧည့်ခန်း၌လည်း စားပွဲတစ်လုံးနှင့် မတ်တတ်ကုလားထိုင်လေးလုံး၊ ပက်လက်ကုလားထိုင်တစ်လုံးသာရှိ၏။ ဧည့်ခန်းတွင် ကပ်ချိတ်ထားသော ပြက္ခဒိန်တစ်ချပ်က လွဲလျက် ဓာတ်ပုံ၊ ဘုရားပုံတော်၊ ဘုရားစင်ဟူ၍လည်းမရှိ။ မီးဖိုချောင်မှာလည်း ဟာလာဟင်းလင်းပင်ဖြစ်သည်။ သူ့အတွက် အခြေခံလိုအပ်ချက်ဖြစ်သော နေစရာ စာကြည့်ရန်နှင့် အိပ်ရန်နေရာကိုသာ ရည်ရွယ်ရင်းဖြစ်ပေသည်။ စားစရာမှာ လမ်းထိပ်က ထမင်းဆိုင်တွင် လခပေးစားခြင်းဖြင့် ဝမ်းရေးကို ပြေလည်စေသည်။

သူ ရုံးသို့ရောက်သောအခါ ရုံးသားများ စုံညီစွာ မရောက်သေးပေ။ မခင်ဝေကိုလည်း မတွေ့ရသေး။ ဦးဘနီတစ်ယောက်သာ ခါတိုင်းထက်စောစွာ ရောက်နေပုံရ၏။ သူသည် သတင်းစာစက္ကူဖြင့် ပတ်လျက်ယူလာသော လက်ပွေ့အိတ်ကို ဦးဘနီ၏ ရှေ့စားပွဲပေါ်သို့

mgyoe.com

mgyoe.com


တင်လိုက်သည်။

ဦးဘနီသည် သတင်းစာဖတ်နေရာမှ မော်ကြည့်လျက် "သြော်... မောင်သက်တင် ရောက်လာပြီလား။ ဘာများလဲကွဲ့" ဟုမေးရင်း စားပွဲပေါ်မှ အထုပ်ဆီသို့ မျက်လုံးရောက်သွားသည်။

"ဦးဘနီမိတ်ဆွေရဲ့ ပစ္စည်းနဲ့ တူပါတယ်"

ကိုသက်တင်ကပြောရင်း သတင်းစာစက္ကူကို ဖြေလိုက်ရာ မိန်းမကိုင် လက်ပွေ့အိတ်အနက်ကလေးသည် စားပွဲပေါ်ခွ်ကျလာသည်။ ဦးဘနီသည် တစ်ချက်မျှ မျက်နှာပျက်သွားပြီးမှ ကပျာကယာ ဣန္ဒြေဆယ်လိုက်ပြီး...

"သြော်... အေးအေး၊ သူ မေ့သွားတာနဲ့ တူပါတယ်ကွာ။ ငါကလည်း သတိမပြုမိဘူး။ နောက်တွေ့မှ ပြန်ပေးလိုက်ရတာပေါ့။ ကျေးဇူးပဲဟေ့"

ဦးဘနီက လက်ပွေ့အိတ်ကလေးကို ကပျာကယာ လှမ်းယူပြီး သူ့စားပွဲအံဆွဲတွင် သိမ်းဆည်းထားလိုက်သည်။ ကိုသက်တင်က အခန်းပြင်ဘက်သို့ လှမ်းအသွားတွင်...

"သြော်... ဒီမယ် မောင်သက်တင်"

"ခင်ဗျာ..."

ကိုသက်တင်က ပြန်လှည့်ကာ ငံ့နေသည်။

"ဟဲ...ဟဲ... မောင်သက်တင်ကို ဝမ်းသာစရာသတင်းတစ်ခုတော့ ကြိုတင်ပြောထားရသေးတာပေါ့ကွယ်။ ဒီလကုန်ရင် မောင်သက်တင်ကို ကုန်မာဘက်မှာ ဌာနခွဲ လက်ထောက်မန်နေဂျာရာထူး တိုးမြှင့်ပေးဖို့ ဒါရိုက်တာ အစည်းအဝေးမှာ ဦး တင်ပြထားတယ်။ နောက်အပတ်မှာ အတည်ဖြစ်ပါလိမ့်မယ်"

ကိုသက်တင်မှာ ဝမ်းသာလှသည်မဟုတ်ငြားသော်လည်း ဦးဘနီ

mgyoe.com

mgyoe.com


ကို ကျေးဇူးမတင်ဘဲ မနေနိုင်အောင် ဖြစ်သွားသည်။ သို့ကြောင့် "ကျေးဇူးတင်ပါတယ်ခင်ဗျာ" ဟု လှိုက်လှဲစွာပြောမိသည်။

"မင်းရဲ့ ကြိုးစားမှုပေါ့ကွယ်၊ ဒါထက် မင်းစာမေးပွဲကော"

"ဟုတ်ကဲ့... ဒီနှစ် ဘီအေပတ်အဖြေဖို့ ရှိပါတယ်"

"အေး... အလုပ်လည်းကြိုးစား၊ စာလည်းကြိုးစားပေါ့ကွယ်။ သြော်... ဒါထက် ငါ့အကြောင်း ဟိုဟာဒီဟာတွေတော့ ရုံးသားတွေကို လေသံမဟပါနဲ့ကွယ်... ဟုတ်လား"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ဝသီမရှိပါဘူး"

သူသည် အပြင်ဘက် သူ့စားပွဲရှိရာသို့ ထွက်ခဲ့ပြီးနောက် လုပ်စရာရှိသမျှကို စတင်လုပ်ကိုင်နေသည်။ ရုံးသားများ တဖြည်းဖြည်း စုံညီစွာ ရောက်ရှိလာကြပြီဖြစ်သော်လည်း မခင်ဝေ ရောက်မလာသေးသည်ကို သတိပြုမိသည်။ ၉ နာရီကျော်မှ မခင်ဝေမောင်ဟုဆိုသူ လူငယ်တစ်ဦး ရောက်လာကာ မခင်ဝေ နေမကောင်း၍ ယနေ့ တစ်ရက် ခွင့်တိုင်စာကို ပေးသွားလေသည်။

နောက်ရက်တွင် မခင်ဝေသည် ရုံးမပျက်တော့ဘဲ ဆက်လက်တက်သည်။ ကိုသက်တင်ကလည်း မည်သို့မျှ အမှုမထားပင်နေလိုက်၍ မခင်ဝေကလည်း ခါတိုင်းကဲ့သို့ ရွှင်ရွှင်ပျပျမရှိလှခြင်းကြောင့် ကိုသက်တင်က သူ့အလိုက်ဘာသာ နေလိုက်သည်။

ကိုသက်တင် ဘီအေအပိုင်း(က)အောင်သည့်အချိန်နှင့် ရွှေပြည်ငွေပြည်ကုမ္ပဏီက ငါးနှစ်မြောက် နှစ်ပတ်လည်ညစာစားပွဲ ကျင်းပသည့်အချိန် တိုက်ဆိုင်လျက်ရှိနေသည်။ ကိုသက်တင် စာမေးပွဲအောင်သည့်အတွက်ကြောင့် ကုမ္ပဏီတစ်ခုလုံးကလည်း ဝမ်းသာကြသည်။ ဦးဘနီကလည်း အထူးချီးကျူးလျက် မန်နေဂျာတိုးမြှင့်ပေးရေးကိုပါ မိမိအနေဖြင့် ထောက်ခံမည်ဟုပင် ပြောပေသေးသည်။

mgyoe.com

mgyoe.com


မခင်ဝေကလည်း ကိုသက်တင်၏ အောင်မြင်မှုကို အထူးအားရ ကျေနပ်လျက်ရှိသည်။ ထို့အပြင် မခင်ဝေ၏ မောင်အငယ်မှာလည်း တက္ကသိုလ်ဝင်တန်း အောင်မြင်သွားသည်ဖြစ်ခြင်းကြောင့် မခင်ဝေမှာ အထူးပျော်ရွှင်လျက်ရှိ၏။

ရွှေပြည်ငွေပြည်ကုမ္ပဏီ၏ နှစ်ပတ်လည် ညစာစားပွဲကို ရှစ်မိုင်ရှိ တရုတ်ဟိုတယ်တစ်ခုတွင် ကျင်းပသည်။ ကုမ္ပဏီ၏ အသားတင် အမြတ်ငွေမှာလည်း ၅၀၀,၀၀၀ ကျော်ရှိခဲ့ခြင်းကြောင့် လုပ်သားအားလုံးကို တစ်လစာဆုကြေးအဖြစ် ချီးမြှင့်သေးသည်။ သို့ကြောင့် ပါတီမှာ သိုက်မြိုက်စိုပြည်လျက် ရယ်သံမောသံ ပုလင်းဖန်ခွက်သံများကြောင့် ဆူညံနေတော့သည်။ မခင်ဝေမှာ ကုမ္ပဏီ၏ တစ်ဦးတည်းသော အမျိုးသမီးလုပ်သားဖြစ်ခြင်းကြောင့် ပါတီတစ်ခုလုံးက ပိုမိုအရေးပေးကာ အများ၏ ဝိုင်းဝန်းကျီစယ်ခြင်းကိုလည်း ခံနေရသည်။

ကိုသက်တင်မှာ အရက်သောက်တတ်သူတစ်ဦး မဟုတ်ခြင်းကြောင့် အများစုက အရက်ရှိန်ဖြင့် စကားဖောင်နေကြသောအချိန်၌ ကြောင်စီစီဖြစ်လျက်ရှိသည်။ သို့ကြောင့်လည်း သူသည် မခင်ဝေ အနီးတွင်သာ ကပ်နေကာ စကားပြောလျက်နေရသည်။

"ကိုသက်တင် စာမေးပွဲအောင်တာ ကျွန်မဖြင့် သိပ်ဝမ်းသာတာပဲ"

"အဟုတ်လား"

"အို... အဟုတ်ပေါ့"

"မခင်ဝေမောင်ကလေး အောင်တာနဲ့ ဝမ်းသာနေတာမဟုတ်လား"

"မခင်ဝေမောင်ကလေး အောင်တာလည်း ဝမ်းသာတာပေါ့"

"ဘယ်သူအောင်တာ ပိုဝမ်းသာသလဲ"

"မေးရော့မယ်၊ ဒါတော့ မပြောတတ်ဘူး။ ကိုယ် ထင်ချင်သလို သာထင်၊ မှန်တာပဲ"

mgyoe.com

mgyoe.com


"ဒါဖြင့် ကျွန်တော် ဖြစ်စေချင်သလို ထင်ရင်ကော မှန်မှာပဲလား"

မခင်ဝေသည် မည်သို့မျှမပြောဘဲ ကိုသက်တင်အား မျက်လုံးတစ်ချက် ဝင့်ကာကြည့်ပြီး တစ်ဖက်သို့ မျက်နှာလွှည့်နေသည်။

ကိုသက်တင်က ဆက်ကာပြောတော့မည်ပြုဆဲတွင်ပင် အခမ်းအနားမှူးလုပ်သူက အစားအသောက်များသုံးဆောင်ရန် ကြေညာသောကြောင့် အစားအသောက်ပွဲများဆီသို့ အာရုံပြောင်းသွားသည်။ ကိုသက်တင်က မခင်ဝေ လက်လှမ်းမမီသော ပန်းကန်များမှ အစားအသောက်များကို လှမ်းယူလျက် မခင်ဝေ၏ပန်းကန်တွင် ထည့်ပေးနေသည်။ တစ်ရုံးသားလုံးက ကိုသက်တင်နှင့် မခင်ဝေကို ထိုနေ့ညတွင် ထူးခြားသော စုံတွဲတစ်တွဲဟူသော မျက်လုံးများဖြင့် ကြည့်နေကြသည်။ တစ်နေရာမှ ဦးဘနီကမူ မခင်ဝေကို စူးစိုက်ကြည့်လျက်ရှိ၏။

စားသောက်ခြင်းကိစ္စ ပြီးစီးသောအခါ ကုမ္ပဏီမှ ဒါရိုက်တာလူကြီးများ တစ်ဦးပြီးတစ်ဦး မိန့်ခွန်းပြောကြသည်။ ကိုသက်တင်သည် တစ်ဦးပြောပြီးတိုင်း သွားကြားထိုးတံကို ပါးစပ်တွင်ကိုက်ရင်း လက်ခုပ်တီး သြဘာပေးခြင်း ပြုနေရသည်။ ထိုစဉ် မခင်ဝေသည် စားသောက်ပြီးလျှင် အဆီပြန်စပြုနေပြီဖြစ်သော သူ့မျက်နှာကို ပြုပြင်ရန်အတွက် စားပွဲအောက် သူ့ပေါင်ပေါ်တွင် တင်ထားသော လက်ပွေ့အိတ်ကလေးကို ထုတ်လိုက်သည်။

ဦးဘနီ စကားပြောနေသည်ကို စိုက်နားထောင်နေသော ကိုသက်တင်က မခင်ဝေ၏လှုပ်ရှားမှုကြောင့် မခင်ဝေဘက်သို့ မျက်စိရောက်သွားသည်တွင် သူ့ရင်မှာ 'ဒိတ်' ခနဲဖြစ်သွားသည်။ မခင်ဝေ၏လက်တွင် ကိုင်ထားသော လက်ပွေ့အိတ်နက် အရှည်ကလေးမှာ သူ့အခန်းတွင် ကောက်ယူရခဲ့သည့် လက်ပွေ့အိတ်နှင့် တစ်ပုံစံတည်း၊ တစ်ထေရာတည်း ဖြစ်နေခြင်းကြောင့်ပေတည်း။ ကိုသက်တင်၏ရင်မှာ တလှပ်လှပ်နှင့်

mgyoe.com

mgyoe.com



ဖြစ်လာသည်။ "ဘုရား... ဘုရား မဟုတ်ပါစေနဲ့၊ အိတ်ချင်းတူလို့ ဖြစ်ပါလိမ့်မယ်" သူ့ပါးစပ်မှ ဖြစ်စေချင်သည့်ဆန္ဒကို တိုးတိုးဆုတောင်းမိသံထွက်ပေါ်လာသည်။ သူ့သောတအာရုံဝယ် ဦးဘနီ၏ မိန့်ခွန်းသံကိုလည်း မကြားတော့။

မခင်ဝေသည် သူ့မျက်နှာကို ပေါင်ဒါပတ်ဖ်နှင့် ရိုက်လျက် ညီညာအောင် ပြုပြင်နေသည်။ ကိုသက်တင်က သူ့ကုလားထိုင်ကို နောက်သို့တမင်လှည့်မှီပြီး မခင်ဝေ အလှပြင်နေသည့် လက်ပွေ့အိတ်တွင်းမှ မှန်ချပ်ကလေးကို လှမ်းကြည့်လိုက်မိရာ၌ ကိုသက်တင်၏ ဦးခေါင်းမှာ လေးလံစွာသောတူဖြင့် ရိုက်နှက်လိုက်သည့်ပမာ ခံစားလိုက်ရတော့၏။ မခင်ဝေ၏ လက်ပွေ့အိတ်တွင်းမှ မှန်ငယ်မှာ အလယ်မှာ ထက်ဝက်ကွဲအက်လျက်ရှိတော့၏။ ကုလားထိုင်၏ နောက်ဘက်ခြေနှစ်ချောင်းပေါ်တွင်သာ မှီလျက်ကြည့်နေသော ကိုသက်တင်၏ သတိလျော့ဟင်းမှုကြောင့် ကုလားထိုင်မှာ ရှေ့ဘက်သို့ ငိုက်ခနဲပြန်ကျသွားသည်။ ကိုသက်တင်မှာ ကိုယ်ရှိန်လွန်၍ ရှေ့သို့ကျသွားလုနီးပါး ယိမ်းယိုင်သွား၏။ မခင်ဝေမှာ ရုတ်တရက်ဖြစ်ခြင်းကြောင့် ထိတ်လန့်သွားကာ "ဘာဖြစ်တာလဲ ကိုသက်တင်" ဟု စိုးရိမ်သံဖြင့် မေးမိသည်။

"ဘာမှမဖြစ်ပါဘူး"

ကိုသက်တင်က သံမှန်ဖြင့် ဖြစ်စေရန် ကြိုးစားထိန်းသိမ်းပြောသော်လည်း သူ့အသံမှာ ရင်တွင်းလှုပ်ရှားမှုကို ဖော်ပြနေပြန်သဖြင့် မခင်ဝေမှာ ကြောင်စီစီကလေးဖြစ်လျက် ကျန်ရစ်တော့သည်။

နောက်ရက်များတွင် ရုံးချိန်၌ ကိုသက်တင်သည် မခင်ဝေအား စကားမပြောမိစေရန် အတတ်နိုင်ဆုံး ရှောင်လျက်ရှိသည်။ နေ့လယ်ပိုင်းတွင် မခင်ဝေဖျော်လာသော ကော်ဖီကိုလည်း အကြောင်းအမျိုးမျိုးပြကာ မသောက်ဘဲနေသည်။ မခင်ဝေ စိတ်ဆိုးဒေါသဖြစ်ခြင်းထက် ရင်၌

mgyoe.com

mgyoe.com


မဖော်ပြနိုင်သော နာကြည်းခြင်းသာ ပြင်းထန်လွန်ကဲလျက် ရှိနေသည်။ အပျော်အပါးလိုက်စားသည့် သူဌေးတစ်ဦး၏ ခြေတော်တင်ခြင်း၊ မယားငယ်၊ အမြှောင်အဖြစ် ခံယူခြင်းစသည့် ပြစ်မှုများကို ကျူးလွန်ထားသူ ညီမငယ်တစ်ဦးအပေါ် ဖြစ်ပွားသည့် ကရုဏာဒေါသစိတ်က ပိုမိုသည်ဟု ဆိုရပေမည်။ မိမိ၏ရည်းစားသည် သစ္စာဖောက်လေပြီဟု စွပ်စွဲရမည် ကလည်း မိမိကိုယ်တိုင်က မခင်ဝေအား ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ဖူး သည့်ပြင် မခင်ဝေကလည်း ဖြူသည်၊ မည်းသည် မပြောခဲ့ခြင်းကြောင့် ခက်လျက်ရှိပေ၏။ သို့သော် တစ်ဖက်သတ် မိမိကိုယ်ကိုမသိဘဲ ချစ်ခဲ့ ခြင်း၏ ကွေကွင်းမှုသည်ပင် ကိုသက်တင်အား အရက်ပုလင်းဆီသို့ တွန်းပို့လိုက်သည်။ စိတ်ပြေလက်ပျောက် တစ်ခါနှစ်ခါသည်မှ မှန်မှန် ကြီး နေ့စဉ်သောက်လာသော အသည်းကွဲသမားတို့၏ ဖြေဆေးကြီးကို လက်ကိုင်ပြုလာတော့သည်။

ရုံးတက်ချိန်များကလည်း မပျက်ကွက်စဖူး ပျက်ကွက်လာသည်။ သူသည် ရုံးတွင် မခင်ဝေကို တွေ့ရလျှင် ကရုဏာဒေါသ ဖြစ်မိသည်။ ဦးဘနီကို မြင်ရလျှင် ဒေါသဟုန်းခနဲဖြစ်တတ်သည်။ သို့သော်လည်း ဦးဘနီမှာ ဤတစ်ချက်မှလွဲလျက် မိမိအပေါ် အစဉ်ကောင်းခဲ့သော အလုပ်ရှင်တစ်ဦးဖြစ်နေခြင်းကြောင့် ပေါက်ကွဲလာသော ဒေါသမှာ မီးကုန် ယမ်းကုန် မဖြစ်ခဲ့ချေ။ အဆုံးတွင် ကိုသက်တင်မှာ လောက ကြီးတစ်ခုလုံးနှင့် မိမိကိုယ်ကိုသာ ဖိလျက် စိတ်နာပစ်လိုက်သည်။ မုန်းလိုက်သည်။

ဘီအေနောက်ဆုံးနှစ်ကို ဆက်လက်၍ဖြေဆိုရန်လည်း စိတ်မရှိ တော့။ စာအုပ်စင်ပေါ်တွင် ဖုန်နှင့် ပင့်ကူအိမ်များပင် တွယ်ငြိလျက်ရှိပေ ပြီ။ ယခင်က သပ်ရပ်စွာ ဝတ်စားလျက် အချိန်မှန်မပျက် အလုပ်တက် သော ကိုသက်တင်မှာ ဦးခေါင်းစုတ်ဖွား၊ အဝတ်အစားလည်း ဖြစ်

mgyoe.com

mgyoe.com


ကတတ်ဆန်းဖြင့် သူ့ကိုယ်သူ သတိမထားမိဘဲ ပူပုံပန်းရုပ်ကို ဆောင်တော့သည်။

“ကိုသက်တင် ဘာဖြစ်သလဲ၊ နေမကောင်းဘူးလား”

ယမန်နေ့ညက အရက်ရှိန်လွန်ခဲ့သောကြောင့် အလုပ်ခွင်တွင် လင်းတကြီး လည်လိမ်ထားသည့်ရုပ် ပေါက်နေသော ကိုသက်တင်အား မခင်ဝေက စိုးရိမ်မကင်း မေးမြန်းခြင်း ပြုလာသည်ကို ဘာဖြေရမှန်းမသိ၍ ရုတ်တရက် ပြန်မဖြေမိ။

“ကိုသက်တင် ဘာဖြစ်နေသလဲ၊ ကျွန်မ မေးတာ မကြားဘူးလား ဟင်”

“ကြားပါတယ်၊ ဘာမှမဖြစ်ပါဘူး”

“ဘာမဖြစ်ရမလဲ၊ ကိုသက်တင်ရုပ်ပဲ မှန်ထဲပြန်ကြည့်စမ်းပါဦး။ ခုတလော ကိုသက်တင် တစ်မျိုးကိုဖြစ်နေတယ်”

“ခက်တာပါပဲဗျာ၊ ဘာမှမဖြစ်ပါဘူးဆိုနေတာ၊ ညက အရက်သောက်တာ များသွားလို့ဗျို့၊ ကဲ... သိပြီလား”

“ဟင်... အရက်သောက်တယ် ဟုတ်လား”

မခင်ဝေ၏မျက်နှာမှာ အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို ရောပြွမ်းဖော်ပြလျက်ရှိနေသည်။

“ဟုတ်တယ်လေ၊ အရက်သောက်တာ ဘာဖြစ်သလဲ၊ ဒါ အဆန်းလားလို့”

တကယ့်အရက်သမား ဝါရင့်ကြီးပမာ မမှုသော လေသံဖြင့် ကိုသက်တင်က ပြန်ပြောလိုက်၏။ မခင်ဝေမှာ မျက်ရည်ကလေး စို့အောင် ဝမ်းနည်းလာပြီး...

“ဒီပြင်လူတွေအတွက် မဆန်းပေမဲ့ ကိုသက်တင်အတွက်တော့ ဆန်းတယ်။ ကျွန်မ သိပ်သိပ်ပြီးတော့လည်း ဝမ်းနည်းတယ်။ ကိုသက်

mgyoe.com

mgyoe.com


တင်မှာ ဘာများစိတ်ညစ်စရာရှိနေလို့လဲဟင်"

မခင်ဝေက အကယ်ပင် ကိုသက်တင်၏ ခံစားရချက်ကို မသိသော အလား ကရုဏာသံအပြည့်ဖြင့် မေးမိသည်။

"ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပဲရှိပါစေ၊ မခင်ဝေ ဘာပြုလို့ သိချင်နေရပြန်တာလဲ"

ကိုသက်တင်က ခပ်စိမ်းစိမ်းပင်ပြောလိုက်ရာ မခင်ဝေမှာ မျက်ရည်များ လိမ့်ဆင်းကျမလာအောင် မနည်းကြိုးစား ထိန်းသိမ်းထားရရှာသည်။

"ကျွန်မ မသိစေချင်လည်း မသိဘဲရှိရရုံပေါ့။ ဒါပေမဲ့ ကိုသက်တင်ဘဝ နစ်မွန်းမှာစိုးလို့ ပြောနေတာပါ"

မခင်ဝေက မနည်းကြိုးစားအားယူရင်း တစ်လုံးစီ ပြောနေသည်။ အတန်ကြာမှ ဆက်လျက် "ကိုသက်တင် စာမေးပွဲဖြေဖို့ကလည်း ရှိနေသေးတယ် မဟုတ်လား" ဟု တိုးတိုးပြောလိုက်သည်။

"စာမေးပွဲလည်း မဖြေတော့ပါဘူး"

"ဟင်..."

ကိုသက်တင်ထံမှ မမျှော်လင့်သော ဖြေကြားချက်ကို ကြားရသော အခါ မခင်ဝေမှာ အံ့အားသင့်သွားသည်။

"ဘာပြုလို့လဲ ကိုသက်တင်"

"ကျွန်တော့်အတွက် ဘာမှအဓိပ္ပာယ်မရှိတော့လို့ပဲ။ ကဲ... ဒါထက် သိချင်သေးရင် ကျွန်တော် ဒီအလုပ်ကထွက်ဖို့လည်း ဆုံးဖြတ်လိုက်ပြီးပြီ"

မခင်ဝေမှာ မယုံနိုင်လောက်အောင်သော အံ့သြခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ကိုသက်တင်မျက်နှာကို ကြည့်နေရာမှ စောစောက ထိန်းသိမ်းထားရသော မျက်ရည်တို့မှာ မည်မျှ နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်လျက် ထိန်းသိမ်းထားသော်လည်း ရင်တွင်းမှ ဆို့နင့်ခြင်းကို မကျော်

mgyoe.com

mgyoe.com


လွှားနိုင်တော့ဘဲ ဒလဟော ပြုံဆင်းလာတော့သည်။ မခင်ဝေ၏ နှုတ်ခမ်းပါးပါးကလေးမှာ စကားပြောလိုလှ၍ တရွရွဖြစ်နေသော်လည်း မည်သည့်အသံမျှ ထွက်မလာနိုင်ဘဲ ဆတ်ဆတ်တုန်လျက်သာ ရှိနေသည်။

ကိုသက်တင်မှာလည်း မခင်ဝေ၏မျက်နှာကို ကြီးစွာယူကျုံးမရခြင်း ဖြစ်မိသူတစ်ဦး၏ ဝမ်းနည်းခြင်း၊ နှမြောခြင်း၊ နောင်တရခြင်းတို့ဖြင့် ပြည့်သိပ်သောအကြည့်ဖြင့်သာ စိုက်ကြည့်လျက်နေပြီးမှ...

"ကျွန်တော့်အတွက် ဝမ်းနည်းမနေပါနဲ့ မခင်ဝေ။ မခင်ဝေအတွက် ကျွန်တော် ဝမ်းနည်းရတာပဲရှိပါစေ။ မခင်ဝေရဲ့ဘဝကိုသာ မနစ်မွန်းအောင် ကြိုးစားရစ်ပေဦးတော့။ ကဲ... ကျွန်တော် ဦးဘနီနဲ့ သွားတွေ့လိုက်ဦးမယ်"

ကိုသက်တင်က ပြောပြောဆိုဆိုပင် ချာခနဲလှည့်လျက် မခင်ဝေအား ကျောခိုင်းကာ ဦးဘနီ၏ အခန်းတွင်း ဝင်သွားတော့သည်။ မခင်ဝေမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် အသံမထွက်သော်လည်း ကိုယ်ကလေး တသိမ့်သိမ့်ခါသွားသည်ထိ မျက်ရည်များကို သွန်ချမိတော့၏။ တစေ့တစောင်း အကဲခတ်နေကြသော ရုံးသားများမှာ နားမလည်သောမျက်နှာဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လျက် ရှိနေကြသည်။

*

ဦးဘနီသည် ကိုသက်တင် ပြောပြသည်များကို ဂရုစိုက်နားထောင်ရင်း...

"မဟုတ်သေးဘူးလေ မောင်သက်တင်၊ ကိုယ်ရေးကိုယ်တာကိစ္စတွေ အဆင်မပြေလို့ဆိုပေမဲ့ ဒါတွေက သူ့အချိန်ကျရင် သူ့ဘာသာအဆင်ပြေသွားမှာပါ။ ဒီအကြောင်းကိစ္စနဲ့ပဲ အလုပ်ထွက်ချင်တယ်ဆိုတာ

mgyoe.com

mgyoe.com


တော့ မလုံလောက်သေးဘူးကွ။ တို့များကုမ္ပဏီကလည်း မောင်သက်တင်အပေါ်မှာ ဘယ်လောက်မျှော်လင့်ချက်ထားတယ်ဆိုတာ မောင်သက်တင်လည်း သိမှာပေါ့။ နေရာလစ်လပ်တာနဲ့ မောင်သက်တင်ကို မန်နေဂျာရာထူး တိုးပေးဖို့ ဒါရိုက်တာလူကြီးတွေ သဘောတူပြီးသားပဲ။ စဉ်းစားပါ မောင်သက်တင်"

ဦးဘနီသည် ကိုသက်တင်၏ အလုပ်မှထွက်ခွင့်တောင်းစာကို စားပွဲပေါ်တွင် ဖန်တုံးဖြင့် ဖိထားလျက် ကိုသက်တင်အား အထိုင်ခိုင်းကာ ရှည်လျားစွာ ဖျောင်းဖျနေသည်။ ဦးဘနီမှာ ကိုသက်တင် အလုပ်ထွက်လိုခြင်း၏ ပထမအကြောင်းရင်းကို ဦးဘနီကိုယ်တိုင်ကလည်း မစဉ်းစားမိခြင်း ဖြစ်ကောင်းဖြစ်မည်။ မည်သို့ပင်ဖြစ်စေ... ဦးဘနီမှာ ကိုသက်တင်အပေါ်၌ အစဉ်လို စိတ်ကောင်းထားလေ့ရှိသူတစ်ဦးလည်း ဖြစ်ပြန်ခြင်းကြောင့် ကိုသက်တင်မှာ ဒေါသဖြင့် ပြန်လည်ပြောဆိုရန် အခက်တွေ့နေပြန်သည်။

"ကျွန်တော် အလုပ်မှာ စိတ်မပါတော့ရင် ကုမ္ပဏီမှာလည်း အလကား လူပိုတစ်ယောက် ထားရသလိုဖြစ်နေမှာပါပဲ"

"မောင်သက်တင်မှာ ကိုယ်ရေးကိစ္စ တစ်စုံတစ်ရာကြောင့် အလုပ်စိတ်မဝင်စားနိုင်လောက်အောင် ရှိနေသေးရင် ဒီကိစ္စ ပြေလည်သွားတဲ့အထိ စောင့်ပေါ့။ အဲဒီတော့ ဒီလိုလုပ်ပါ၊ မောင်သက်တင်ကလည်း တို့ကုမ္ပဏီရောက်ကတည်းက ခွင့်ယူခဲ့သေးတယ်မှ မရှိဘဲ။ ကဲ... မောင်သက်တင် လစာပြည့်နဲ့ ခွင့်နှစ်လ ယူကွာ၊ ဦးနှောက်ကိုရှင်း အနားယူလိုက်စမ်း။ ပြဿနာတွေလည်း ပြေလည်သွားပါလိမ့်မယ်။ ခွင့်ကုန်တော့မှ ပြန်လာခဲ့။ အဲဒီအချိန်မှာ မောင်သက်တင် စိတ်တစ်မျိုး ပြန်ပြောင်းလာလိမ့်မယ်လို့ ထင်တယ်... ဟုတ်လား"

ကိုသက်တင်မှာ ထပ်မံစောဒကတက်ရန် မသင့်လျော်တော့သော

mgyoe.com

mgyoe.com



ကြောင့် ခွင့်ယူရန်ပင် ခေတ္တအားဖြင့် သဘောတူလိုက်ရတော့သည်။

"ကိုသက်တင် အညာကိုသွားမယ် စိတ်ကူးသလားဟင်"

ကိုသက်တင် ခွင့်ရက်ရှည်ယူလိုက်ကြောင်း သိရသော မခင်ဝေက ညနေ ရုံးအဆင်းတွင် ကုမ္ပဏီ၏ လှေကားရင်း၌ မေးမိသည်။

"မပြောတတ်သေးဘူး မခင်ဝေ။ ဘယ်မှသွားဖို့ ရည်ရွယ်ချက်တော့မရှိသေးဘူး။ သွားချင်စိတ်လည်း တယ်မရှိပါဘူး။ သွားမိရင်လည်း ခြေဦးပြန်မလှည့်တော့မှာမို့ အိမ်မှာပဲနေမယ် စိတ်ကူးမိတယ်"

"ကောင်းပါတယ်၊ အိမ်မှာပဲ နားနေပေါ့။ ဒါထက် ကိုသက်တင်နေတာ ပုဇွန်တောင်ဘက်မှာနော်"

မခင်ဝေ၏အမေးကို ကိုသက်တင်က ရုတ်တရက် ပြန်မဖြေသေးဘဲ စူးစိုက်စွာကြည့်နေပြီးမှ "မသိတာကျနေတာပဲ မခင်ဝေ"ဟု ခပ်ဆတ်ဆတ်ပြောလိုက်သည်။ မခင်ဝေက ကိုသက်တင်အသံကြောင့် ကြောင်အမ်းနေပြီးမှ...

"သြော်... ပုဇွန်တောင်ဘက်မှာလို့ပဲ သိထားတာမဟုတ်လား။ တစ်ခါမှ စကားမစပ်မိတော့လည်း အိမ်နံပါတ်၊ လမ်းနံပါတ် တိတိကျကျ မသိလို့ပေါ့ရှင်"

ကိုသက်တင်သည် နှုတ်ခမ်းကို တစ်ချက်ကိုက်ပြီးမှ...

"ခက်တာပဲ မခင်ဝေ၊ ကျွန်တော့်အိမ်လည်း မခင်ဝေ ရောက်ဖူးလျက်သားရဲ့"

"ရှင်..."

မခင်ဝေမှာ လုံးဝနားမလည်သော လေသံဖြင့် တစ်လုံးတည်းပင် အသံထွက်လာသည်။

"အိပ်ပျော်ယောင်ဆောင်တဲ့လူကို အနှိုးရခက်တယ်တဲ့ မခင်ဝေ၊ ကဲ... သွားဦးမယ်၊ ဘတ်စ်ကားလာနေပြီ"

mgyoe.com

mgyoe.com


ကိုသက်တင် ထွက်ခွာသွားရာသို့ကြည့်ရင်း မခင်ဝေမှာ နေရာတွင် ကျောက်ရုပ်ကဲ့သို့ ဖြစ်ကျန်ရစ်ခဲ့တော့သည်။

*

ဘယ်ကိုမျှလည်း သွားရန် စိတ်ကူးထားခြင်း မရှိဘဲ ခွင့်ယူလိုက်သည်ကြောင့် ခါတိုင်းအလုပ်ချိန်၊ ကျောင်းချိန်၊ စာကြည့်ချိန်တို့ဖြင့် တစ်နေကုန်ခဲ့သော ကိုသက်တင်မှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ တစ်ပတ်ခန့် နေ့စဉ်လိုပင် ရုပ်ရှင်ကြည့်နေပြန်တော့လည်း ရုပ်ရှင်ကို ငြီးငွေ့လာသည်။ သို့ကြောင့် တစ်ပတ်ကုန်ဆုံးသောအခါ မိမိအိပ်ခန်းတွင်ပင် အချိန်ပြည့် အနားယူကာ နေ့လယ်မှအစပြု၍ အရက်၊ ဆော်ဒါ၊ ရေခဲတို့ဖြင့် အချစ်ရောဂါကို ဖိမ်ဆွဲကုစားခြင်း ပြုနေတော့သည်။

နေ့ရက်တို့ကိုလည်း အမှတ်မထားမိတော့။ နေဝင်ခြင်း၊ နေထွက်ခြင်း၊ နံနက်စာ၊ ညစာနှင့် အရက်သောက်ချိန်တို့အတွင်း၌သာ သံသရာသည် ကျင်လည်၍နေပေသည်။ ကိုသက်တင်သည် အမြှုပ်တစီစီတက်နေသော ဆော်ဒါရေစပ်ထားသည့် အရက်ခွက်ကို လက်တွင်ကိုင်လျက် စူးစိုက်ကြည့်ရင်း မခင်ဝေကိုသာ တွေးလျက်နေမိသည်။

မခင်ဝေသည် ဦးဘနီ၏ ထောက်ပံ့ချီးမြှင့်ခြင်းကိုယူလျက် အမြှောင်ဘဝတွင်နေလိုခြင်းမှာ စားဝတ်နေရေးအတွက် အခက်အခဲတွေ့လျက်နေခြင်းကြောင့် ကျပ်တည်းသော စီးပွားရေးစနစ်ကို အပြစ်တင်ရချိမ့်လော၊ မိမိဝင်ငွေနှင့်မမျှသော ဝတ်စားဆင်ယင်မှုကို မြတ်နိုးခြင်းကြောင့် ဝင်ငွေအပိုရလိုသည့် အချို့အချို့ ဖောက်ပြားသော စာရေးမများ၏ ခြေရာကိုလိုက်ခြင်းလောဟု မတွေးတတ်အောင် သံသယဖြစ်နေမိသည်။

mgyoe.com

mgyoe.com


သူသည် ခွင့်ရက်အတွင်း တတ်နိုင်သမျှ အနေအထိုင်သက်သာစေရန်အတွက် ထမင်းကို လမ်းထိပ်ဆိုင် ဆင်းမစားတော့ဘဲ ဆိုင်မှ သူငယ်လေးတစ်ဦးကို ချိုင့်ဖြင့် ညဥ့်မနက်စာ အပို့ခိုင်းထားခြင်းကြောင့် နံနက်စာ ထမင်းချိုင့်အလာကို စောင့်ရင်း ညဥ့်က လက်ကျန်ကို ရှင်းနေခြင်းဖြစ်၏။ အခန်းဝတံခါးမကြီးကိုလည်း စေ့ရုံသာ စေ့ထားသည်။ တစ်ခွက်ကုန်သော်လည်း ထမင်းချိုင့်ပို့သူငယ်ကလေး ရောက်မလာသေးသည်ကြောင့် နောက်တစ်ခွက် ထပ်ဖြည့်သည်။ လက်နှစ်လုံးခန့် ရမ်တွင်ရေခဲတစ်တုံးထည့်ပြီးနောက် ကလပ်ဆိုဒါအသစ်တစ်လုံးကို ဖောက်လိုက်သည်။ ဆိုဒါပုလင်းတွင်းမှ ဖိနှိပ်ထားသော ဓာတ်ငွေ့တို့သည် ဘူးခွံကို ဖွင့်လိုက်သည့်အခါ ရုန်းကန်ထွက်သည်၌ တိုက်ခန်းသံကြောင့် 'ဖောင်း' ခနဲ မြည်ဟည်းထွက်လာသည်။

"ကိုသက်တင်၊ အမလေး ကိုသက်တင်ရယ်"

စေ့ထားသောတံခါးကို အပြင်းတွန်း၍ ကသောကမျော ဝင်လာသော မခင်ဝေကို မမျှော်လင့်ဘဲတွေ့ရသည်ကြောင့် ကိုသက်တင်မှာ ဆိုဒါပုလင်းတစ်ဖက်၊ ဖောက်တံတစ်ဖက် လက်တွင်ကိုင်ရင်း ကြောင်လျက် ကြည့်နေမိသည်။ ပြီးမှ ပုလင်းနှင့် ဖောက်တံကို စားပွဲပေါ် တင်လိုက်ပြီး "မခင်ဝေ" ဟု ဝမ်းနည်းဝမ်းသာ တစ်ဆို့သောအသံဖြင့် ခေါ်လိုက်မိပြီး သူ့လက်များမှာလည်း မခင်ဝေရှိရာသို့ ဆီးကြိုသည့်အလားဆန့်တန်းလိုက်သည်။ မခင်ဝေသည် ခေတ္တမျှ ကြောင်လျက် ရပ်နေပြီးမှ "ကိုသက်တင်" ဟုခေါ်ကာ ကိုသက်တင်၏ရင်ခွင်ဆီသို့ ပြေးဝင်လိုက်သည်။ ကိုသက်တင်ကလည်း မခင်ဝေ၏ကိုယ်လုံးကလေးကို ရစ်ပတ်ဖက်သိုင်းထားလိုက်တော့သည်။

"ကိုသက်တင် ဘာမှမဖြစ်ဘူးနော်"

မခင်ဝေက ရင်ခွင်တွင် ခေါင်းကလေးမှီထားပြီး တိုးတိုးမှုမေးသည်။

mgyoe.com

mgyoe.com


"မဖြစ်ပါဘူး မခင်ဝေရယ်၊ ဘာဖြစ်လို့လဲ"

"ဟင်... ဒီကဖြင့် အသည်းကို ထိတ်သွားတာပဲ။ တံခါးဝနားလည်း ရောက်ရော သေနတ်သံများ ကြားလိုက်ရသလားလို့"

ကိုသက်တင်က များစွာ သဘောကျသွားသော်လည်း မချိသောအသံဖြင့် ရယ်ကာ "ဒါလောက်များ ကိုသက်တင်အတွက် ပူရသလား မခင်ဝေရယ်" ဟု မေးလိုက်သည်။

မခင်ဝေက ဆတ်ခနဲ ခေါင်းကို မော့ကာ ကိုသက်တင်ရင်ခွင်မှ ထွက်ရင်း "ပူရတယ်၊ ပူရတယ် တကတဲ သူများဖြင့် ဘာမှမမေးမစမ်း ဘဲနဲ့ သူ့ဘာသာ အထင်လွဲပြီးတော့"

မခင်ဝေက စကားကိုအဆုံးမသတ်ဘဲ ကိုသက်တင်ကို မျက်စောင်းတစ်ချက်ထိုးပြီး လွယ်အိတ်တွင်းမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။ မခင်ဝေ၏ လက်တွင်း၌ လက်ပွေ့သားရေအိတ်အနက်ကလေးကို တွေ့ရသည်။ မခင်ဝေက ဖွင့်လိုက်သောအခါ ကွဲအက်နေသည့် မှန်ချပ်ကလေး။

မခင်ဝေက လက်ပွေ့အိတ်ကို စားပွဲပေါ်တင်လိုက်ပြီးနောက် "ဒီလက်ပွေ့အိတ်မဟုတ်လား၊ ကိုသက်တင် အမျိုးမျိုးကောက်ချက်ချခဲ့တာ" ဟု မေးလိုက်သည်။

ကိုသက်တင်က မည်သို့မျှမပြောဘဲ ငိုင်၍သာနေသည်။

"ဒါ ကျွန်မ လက်ပွေ့အိတ်ပဲ။ လွန်ခဲ့တဲ့ခြောက်လကျော်လောက်က ဒီလက်ပွေ့အိတ်ကို ကိုသက်တင် ဟောဟိုတံခါးနားမှာ ကောက်ရခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်"

ကိုသက်တင်က ခပ်အောင့်အောင့် ပြောလိုက်၏။

"အဲဒီတုန်းက ကျွန်မ ကျကျန်နေရစ်ခဲ့တာပဲ"

mgyoe.com

mgyoe.com


"ဟင်"

ကိုသက်တင်မှာ ငိုင်သွားပြန်သည်။

"ကိုသက်တင် ကျွန်မ လိမ်ပြောမှာလည်း မဟုတ်ဘူး၊ ကိုသက်တင် မယုံချင်လည်း ကျွန်မ ကုသိုလ်ပဲ။ ဒါပေမဲ့ ကျွန်မအပေါ်မှာ တစ်သက်လုံး ကိုသက်တင် အထင်အမြင်သေးသွားမှာတော့ မခံနိုင်လို့ အခုရှင်းရမှာပဲ"

ကိုသက်တင်က ခေါင်းကြီးကိုငုံ့ကာ မခင်ဝေပြောသမျှကိုသာ နားထောင်နေလိုက်သည်။

"ဦးဘနီဟာ ဒီလိုလိုက်စားတတ်မှန်းလည်း ကျွန်မ အစက မသိခဲ့ဘူး။ ကျွန်မကိုလည်း သူ အယူအဆလွဲပြီး ငွေနဲ့ပေါက်ရင် ရမှာပဲဆိုတဲ့ သဘောနဲ့ တစ်ညနေမှာ သူ့အိမ်သားတွေလည်းပါမယ်၊ ရုပ်ရှင်လိုက်ခဲ့ပါဆိုလို့ လိုက်လာတယ်။ မေမေကလည်း အလုပ်ရှင်သူဌေးဆိုတော့ ဘာမှမပြောဘူးပေါ့။ ဒါပေမဲ့ ဦးဘနီဟာ ကျွန်မကို ဒီအခန်း လှည့်ပတ်ခေါ်ခဲ့တယ်။ ရှင့်အခန်းမှန်းလည်း ကျွန်မ မသိခဲ့ဘူး။ နောက်လည်း သတိမထားမိဘူး။ အခန်းထဲရောက်တော့ ကျွန်မကို မဟားတရား လုပ်မယ် သူကြံတာလည်းသိရော ကျွန်မ ဆင်းပြေးသွားတယ်။ သူ လိုက်အဆွဲမှာ ကျွန်မ လက်ပွေ့အိတ် ကျကျန်နေရစ်တာကို ကျွန်မ မကောက်နိုင်ဘဲ ဆင်းပြေးခဲ့တယ်။ နောက်တော့ ဦးဘနီလည်း သူမှားမှန်းသိပြီး ကျွန်မကို တောင်းပန်တယ်။ ကျွန်မလည်း ပထမတော့ တစ်ခါတည်း အလုပ်ကထွက်သွားတော့မယ်လို့ပဲ။ ဒါပေမဲ့ တခြားနေရာမှာ အလုပ်ရဖို့ကလည်း မလွယ်၊ ဦးဘနီကိုယ်တိုင်ကလည်း မေ့ပစ်လိုက်ပါ၊ သူ နောက်ဘယ်တော့မှ ဒီစိတ်မျိုး မထားပါဘူးလို့ ပြောတာကတစ်ကြောင်း၊ နောက်ပြီး... နောက်ပြီး"

မခင်ဝေက မပြောသေးဘဲ ရပ်နေသည်။

mgyoe.com

mgyoe.com


"နောက်ပြီး ဘာဖြစ်သလဲ မခင်ဝေ"

ကိုသက်တင်အသံမှာ စောစောကကဲ့သို့သော စူအောင့်အောင့် အသံမျိုး မဟုတ်တော့။

"နောက်ပြီး ရှင့်ကိုခွဲသွားရမှာလည်း စိုးရိမ်တာကြောင့်" ဟု မပွင့်တပွင့်ကလေး ပြောလိုက်သည်။

ကိုသက်တင်က ခပ်ခွာခွာထိုင်နေသော မခင်ဝေ၏ ကိုယ်လုံးကလေးကို သူ့ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်ပြီး...

"ခုတော့ ခွဲစရာမလိုတော့ပြီဘူးပေါ့ မခင်ဝေရယ်" ဟု ကြိတ်မနိုင်ခဲမရသံကြီးဖြင့် ပြောလိုက်သည်။

"ဒါဖြင့် မခင်ဝေ ပြောတာ ယုံတယ်ပေါ့"

"ခြွင်းချက်မရှိ ယုံတယ်"

"ဘာဖြစ်လို့ သူများကို ဖြောင်ဖွင့်မမေးသလဲလို့"

"မမေးရက်လို့ပေါ့ မခင်ဝေရယ်"

"ဟင်း... ဒီက စိတ်ထဲက ရန့်မကင်းဖြစ်ပြီး ဦးဘနီ မေးကြည့်တော့မှ ဒီလက်ပွေ့အိတ်ကို ကိုယ်တော်ချောတွေ့ထားတာ ဇာတ်ရည်လည်တော့တာကိုး။ ကဲ... ပြန်မယ်"

"အလို ဘယ်ပြန်မလို့လဲ"

"ကျွန်မ ရှင်းရအောင် လာတာပဲ၊ အခု ရှင်းပြီးပြီပဲ၊ ပြန်မယ်"

"မပြန်ပါနဲ့တော့ မခင်ဝေရယ်"

"အလို... ဘာပြုလို့"

"ပြောနေဖို့ လိုသေးလား မခင်ဝေ၊ မခင်ဝေ မရှိရင် ကျွန်တော် ဘယ်နဲ့နေရမှာလဲ။ ဒီယစ်ရွှေရည်ကလည်း မခင်ဝေမရှိလို့ အစားထိုးထားတာပါ"

ကိုသက်တင်က မခင်ဝေ၏ ကိုယ်လုံးကလေးကို တတိယမ္ပိ

mgyoe.com

mgyoe.com


သိမ်းကျုံးဖက်လိုက်သည်။ လပေါင်းများစွာ ဖိနှိပ်ပိတ်ဆို့ထားခြင်းမှ အဖုံးဖွင့်ထားသည့် ဆိုဒါပုလင်းသည်လည်း စားပွဲထက်တွင် အမြှုပ်တစီစီ ကျလျက်ရှိတော့သည်။

မြဝတီ၊ စက်တင်ဘာ၊ ၁၉၆၃

❑

mgyoe.com

mgyoe.com

# ဂေါက်သီးနှင့် ဂေါက်တေး

နေ့တာတိုသည့် ဆောင်းဥတုချိန်ခါမို့ မကြာမီပင် အမှောင်ထု ဝင်ရောက်လာပေတော့မည်။ ကျန်းမာရေးကို လိုက်စားတတ်သော ကျွန်တော်တို့၏ ကိုယ်လက်လှုပ်ရှား ကစားမှုကလည်း မပြီးသေး။ နောက်ထပ် သုံးတွင်းတိတိ စိမ်ရန်ကျန်ပေသေးသည်။ ကျွန်တော်တို့ အဖွဲ့၏နောက်တွင် ကစားသူတစ်ဖွဲ့ ကျန်သေးသည်မို့ ခပ်မြန်မြန် တက်သုတ်ရိုက်နိုင်မှ တော်ကာကျပေမည်။ ကျွန်တော်တို့နောက်က အဖွဲ့မှာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေးဗား၊ ခရိုင်ရဲဝန်ထောက် ဦးမောင်လှနှင့် ကန်ထရိုက်တာကြီး ဦးခင်လင်းတို့ ဖြစ်ပေသည်။

ကျွန်တော်တို့အဖွဲ့တွင်မူ ကျွန်တော်နှင့်အတူ ခရိုင်အင်ဂျင်နီယာ ဦးသိန်းဟန်အပြင် ထောင်ပိုင်ကြီး ဦးသက်တင်တို့ ပါကြသည်။ ကျွန်တော်တို့ရှေ့က ရိုက်သွားနှင့်ကြသောအဖွဲ့မှာ ဗိုလ်မှူးခင်မောင်ပြုံးနှင့် မြို့ပေါ်မှ စက်ပိုင်တစ်ဦးအပြင် နယ်ဘက်အရာရှိကလေးတစ်ဦးတို့ ပင်ဖြစ်သည်။

mgyoe.com

mgyoe.com


"ကိုင်း... ခင်ဗျား စရိုက်ပေတော့ဗျို့ ဦးသက်တင်"

ဦးသိန်းဟန်က မျက်နှာမှရွေးများကို မျက်နှာသုတ်ပဝါငယ်ဖြင့် သုတ်ရင်း ပြောလိုက်သည်။

ဦးသက်တင်က ကျေနပ်စွာပြုံးလိုက်သည်။ ဦးသက်တင်မှာ ပုံမှန် အရာရှိရုပ်ဖြစ်သော ပုပုဝဝ မည်းမည်း ဗိုက်မရွဲတရွဲဖြစ်သော်လည်း သူ့ အပြုံးမှာ လူငယ်ကလေးတစ်ဦးကဲ့သို့ အမြဲနှစ်လိုဖွယ် ချိုသာလှ၏။ သူသည် အိမ်တွင် စိပ်ပုတီးစိပ်ခြင်း အလုပ်မှလွဲလျှင် ယခု ကစားမှုဖြစ် သော ဂေါက်သီးရိုက်ခြင်းကို ဝါသနာကြီးလှရှာသည်။ ညနေတိုင်း ရုံး ဆင်းချိန်တွင် ဂေါက်သီးကွင်းသို့ မှန်မှန်ရောက်သည်။ ရုံးပိတ်ရက်များ တွင် နံနက်လင်းအားကြီးကတည်းက လာ၍ ၃၆ ကျင်းပြည့်အောင် ဂေါက်သီးကွင်းကို နှစ်ပတ်တိတိ ရိုက်လေ့ရှိသည်။ အိမ်မှာနေလျှင်လည်း 'ဂေါက်သီးရိုက်နည်းနိဿရည်း' စာအုပ်ကြီးကို ရှေ့တွင်ချကာ တုတ် အမျိုးမျိုးကို ကိုင်ပုံကိုင်နည်း လေ့ကျင့်ခြင်း၊ တုတ်လွှဲပုံလွှဲနည်း၊ ကိုယ် ဟန်အနေအထား၊ ဘယ်ညာခြေနှစ်ချောင်းပေါ်တွင် ကိုယ်အလေးချိန် အလွှဲအပြောင်း၊ အားကုန်လွှဲရိုက်ရသော ဒရိုက်ဗ်၊ မျှဉ်းမျှဉ်းကလေး ချော့ရိုက်ခြင်းဖြင့် ဂေါက်သီးကို နောက်ဆုံးတွင်းငယ်ထဲ အဝင်သွင်း ရသော (ဝါ) တွင်းစိမ်ရသော 'ပတ်တာ' စသည်တို့ကို လေ့ကျင့်ရသည် မှာ တမောတကောပင် ဖြစ်ရှာသည်။ ဇနီး၊ သားသမီးများကို စကားပြော ရန်ပင် အချိန်မပေးနိုင်တော့။ သို့ကြောင့် သူ့ဇနီး ဒေါ်ခင်နန်းနွယ်မှာ လင်ယောကျ်ား မသေသေးပါဘဲလျက်နှင့် 'ဂေါက်သီးမုဆိုးမ' ဖြစ်ရရှာ လေတော့သည်။

ဦးသက်တင်သည် 'တီ' ခေါ် ပလတ်စတစ်ကလပ်ငယ်ကလေးကို ဂေါက်ရိုက်ကမူပြင်ကလေးပေါ်၌ နေသားတကျ စိုက်လိုက်သည်။ ဂေါက်ရိုက်လိုက်ခြင်းအားဖြင့် 'တီ' လွင့်ပါသွားလျှင် အလွယ်တကူ

mgyoe.com

mgyoe.com


ရှာဖွေတွေ့ရှိနိုင်စေရန် ချည်နှောင်ထားသော ပန်းပွားနီကလေးနှစ်စမှာ မြက်ခင်းပြင်ပေါ်၌ လဲလျောင်းကျနေသည်။ သူသည် တစ်လုံးလျှင် ငါးကျပ်မျှ တန်ဖိုးရှိသော အကောင်းစား 'ဒန်းလော့' အမျိုးအစား ဂေါက်သီးဘောလုံးကို ကလပ်ငယ်ပေါ်သို့ တယုတယတင်လိုက်သည်။ သူ့ဂေါက်သီးမှာ နံပါတ် ၅ ဖြစ်သည်။

ထို့နောက် သူသည် တုတ်အမျိုးစုံပါသော အိတ်ကြီးကို လွယ်လျက် သူ့နောက်မှ တကောက်ကောက် လိုက်ပါရသည့် 'ကယ်ဒီ' ခေါ် တုတ်သယ်ကလေးထံမှ သူ့စိတ်ကြိုက် တုတ်တစ်ချောင်းကို ရွေးယူလိုက်သည်။

ဦးသက်တင်၏ စိတ်ကြိုက်တုတ်မှာ ပြောင်လက်သော သံမဏိချောင်းထိပ်တွင် သစ်သားဘုတပ်ထားသည့် 'ဒရိုက်ဗာ' ခေါ် တုတ်ပင် ဖြစ်သည်။ မြို့ပေါ်အရာရှိများအားလုံးတွင် ဂေါက်သီးတုတ် အကောင်းဆုံးကိုင်သူမှာ ဦးသက်တင်ပင် ဖြစ်၏။ ဘော့ဘီလော့ခ် အမျိုးအစား ဖြစ်၍ တုတ်ခြောက်ချောင်းနှင့် အိတ်ပါ ငွေ ၇၀၀ ကျပ်ကျော်မျှ ပေးရပေသည်။ နောက်ထပ်လည်း အမေရိကသွားသည့် မိတ်ဆွေအရာရှိ တစ်ဦးမှတစ်ဆင့် မှာယူထားဆဲဖြစ်သည်။ သူ၏ 'ဟင်းဒီကက်' မှာ ၂၀ ဖြစ်သည်။ တစ်မြို့လုံးတွင် သူ့ထက် ဟင်းဒီကက် နည်းသူမှာ ဒေါက်တာဒေးဗားတစ်ယောက်သာ ရှိသည်။

ဦးသက်တင်သည် ဦးထုပ်ကို ပြင်ဆောင်းရင်း မိမိရိုက်ရမည့် ဂေါက်သီးကွင်း စက်ဝိုင်းအလံဆီသို့ မှန်းမျှော်ကြည့်လိုက်သည်။ ကိုက် ၇၀၀ ခန့် အကွာအဝေးဆီ၌ကား အလံကလေးတစ်ခု တလူလူလွင့်နေပေသည်။ အလံမှာ ကွင်းရှိရာကို စိုက်ထူပြထားသော အမှတ်အသားတည်း။

ဦးသက်တင်သည် တုတ်ကို မြဲမြဲစွာဆုပ်ကိုင်၍ တစ်ချက်၊ နှစ်

mgyoe.com

mgyoe.com


ချက် ဆကြည့်သည်။ ထို့နောက် အစမ်းသဘောယမ်းကြည့်သည်၊ လွှဲကြည့်သည်။ စိတ်ကျေနပ်ကာမှ သူ၏တုတ်ကို ကလပ်ငယ်ပေါ် တင်ထားသော ဂေါက်သီးအနီးသို့ အသာအယာကပ်လိုက်လျက် မှန်းဆတော့သည်။

ဦးသက်တင် ရိုက်တော့မည်၊ အားလုံးငြိမ်။

ဦးသက်တင် ရိုက်မည့်ဟန်ပြင်သည်နှင့်တစ်ပြိုင်နက် ပတ်ဝန်းကျင်ရှိ လူအားလုံးမှာ တုတ်တုတ်မျှ မလှုပ်ရှားရဘဲ ငြိမ်ပေးရလေသည်။ ဤသည်မှာလည်း အထူးအရေးကြီးသော ဂေါက်ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။

တစ်စုံတစ်ဦး ရိုက်တော့မည်ဆိုသည်နှင့် အနီးအပါးမှ လှုပ်ရှားမှု၊ အသံပေးမှုများကို ရှောင်ကြဉ်ကြရသည်။ သို့မဟုတ်လျှင်မူကား ဂေါက်သီးရိုက်တော့အံ့ဆဲဆဲ၌ ကစားသူ၏အာရုံကို အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူမျိုးပြုခဲ့လျှင် ကစားသူမှာ ဘောလုံး၌ စိတ်မရောက်တော့ဘဲ အာရုံပျက်ပြားသွားခြင်းကြောင့် လေထဲတွင်သော်လည်းကောင်း လုံးဝချော်သွားမည်၊ မြေကြီးကိုသော်လည်းကောင်း တအားလွှဲရိုက်မိမည်။ ဂေါက်သီးကို တည့်တည့်မတ်မတ် ခွင်ကျကျ မထိတော့ဘဲ ချော်ထိခြင်းအားဖြင့် ဂေါက်သီးမှာ ရောက်စေလိုရာအရပ်သို့ မရောက်၊ တလွဲချော်တောငေါ့သွားမည်ဖြစ်၏။ ထိုအခါမျိုး၌ ကစားသူသည် နှောင့်ယှက်သည့် သတ္တဝါအား 'မသိတတ်သော လူ့ငနွား' ဟူသောအကြည့်မျိုးနှင့် ကြည့်မည်မှာ အမှန်။

ထို့ကြောင့် ဦးသက်တင် ရိုက်တော့မည်။ အားလုံးငြိမ်၊ စကားမပြောရ၊ ချိုးချိုးချောက်ချောက် မလှုပ်ရှားရ၊ ချောင်းမဆိုးရ၊ အသံမြည်အောင် လေမလည်ရ။

'ဒေါက်' ခနဲ မြည်သံနှင့်အတူ ဘောလုံးသည် မြေပြင်မှ ဒီဂရီ

mgyoe.com

mgyoe.com


၄၀ အကွာမျှမြောက်ကာ ထောင်တက်သွားသည်။ ကျွန်တော်တို့အားလုံး၏ မျက်လုံးများသည် အရှိန်ပြင်းစွာ မြောက်တက်သွားသော ဘောလုံးငယ်၏ နောက်သို့ လိုက်ကြည့်မိကြသည်။ ကိုက် ၂၅၀ ခန့်အကွာအဝေးလောက်တွင် ဘောလုံးသည် မြေသို့ ပြန်ကျပြီးနောက် အရှိန်ကုန်သည်အထိ မြေပေါ်တွင် ဆက်တိုက်လိမ့်သွားသည်။ ထိုနေ့ညနေအဖို့ ဦးသက်တင် ငှားထားသော ရှေ့ပိုင်း ဘောကြည့် 'ဖိုးကယ်ဒီ' ခေါ် သူငယ်ကလေးတစ်ဦးသည် ဘောလုံးနောက် မျက်ခြည်မပြတ်စေရန် အပြေးအလွှားလိုက်ပြီး ဘောလုံးရပ်ရာနေရာတွင် ရပ်နေလိုက်သည်။

"ဝွဒ်ရှော့... ဝွဒ်ရှော့ ကောင်းလှချည့်လားဗျာ၊ ဘယ်တုံးကများ ဒါလောက်ကျင့်ထားသလဲ မသိပါဘူး။ ဒီနှစ် လွတ်လပ်ရေး ဆုဖလားတော့ ခင်ဗျားပဲရမှာ သေချာပါတယ်"

ဦးသိန်းဟန်က ချီးမွမ်းလိုက်သည်။

"ဟာ... မဟုတ်တာဗျာ ဦးသိန်းဟန်ကလည်း ဒရိုက်ဗ်သာကောင်းတာနော်၊ တွင်းစိမ်တဲ့နေရာမှာ ဦးသိန်းဟန်လောက် 'ပတ်တာ' မကောင်းပါဘူးဗျ"

"ဟဲ... ဟဲ... ဒါကတော့ ကျုပ်က အိမ်မှာလည်း အမြဲပတ်တာကျင့်နေတဲ့သူ မဟုတ်လားဗျ ဟား... ဟား..."

နောက်ရိုက်ချက်မှာ ဦးသိန်းဟန် ဖြစ်သည်။

ခရိုင်အင်ဂျင်နီယာ ဦးသိန်းဟန်မှာ ဂေါက်သီးရိုက်ခြင်းကလွဲလျှင် သူ့မင်းကတော်အသစ်စက်စက် လက်ထပ်ပြီးစကလေး ဘာဘာရာ သိန်းဟန်အနီးတွင် မခွဲနိုင် မခွာရက် နေတတ်သူဖြစ်သည်။ လက်ထပ်ပြီးကတည်းက ဂေါက်သီးကွင်းမရောက်သည်မှာ အတန်ကြာပြီဖြစ်သော်လည်း ယနေ့ညနေမှ အားနာ၍လိုက်လာခြင်းဖြစ်သည်။ ဇနီးသည်မှာ ရုပ်ကလည်းချော၊ ဥစ္စာပေါသော ယောက္ခမကြီး၏ တစ်ဦးတည်းသော

mgyoe.com

mgyoe.com


သမီးလည်းဖြစ်သောကြောင့် ရာထူးကလေးရှိပြီးသား ဦးသိန်းဟန်မှာ ရာထူးရှိသောသမက်၊ ရုပ်ချောသမီး၊ ဥစ္စာပေါ သဘောကောင်း ယောက္ခမ တည်းဟူသော ဖိုခုံလောက်ဆိုင်တွင် ထိုင်မိလျက်သား ဖြစ်နေတော့သည်။

ဦးသိန်းဟန်မှာ ဦးသက်တင်လောက် ရိုက်ချက်မကောင်းလှ။ သူ့ဟင်းဒီကက်မှာ ၂၂ ဖြစ်သည်။ ယခုတစ်ချီ သူရိုက်သော ဒရိုက်ဗ်မှာမူ ယနေ့ညနေအတွက် အကောင်းဆုံးဖြစ်သည်။ သူ့ဘောလုံးသည် ဦးသက်တင်ဘောလုံးထက် ရှေ့ကိုက် ၃၀ ခန့်အကွာအဝေးတွင် သွားကျသည်။ ဦးသက်တင်ကဲ့သို့ ဖြောင့်တော့ မဖြောင့်လှ။ ယာဘက်သို့ အနည်းငယ် စောင်းပါသွားသည်။

"အားပါးပါး၊ ကောင်းလိုက်တဲ့ ဒရိုက်ဗ်ဗျာ၊ နည်းနည်းလေးပဲ စလိုက်ဒ်ပါသွားတာသာ ပြောစရာရှိတယ်"

ဦးသက်တင်က အပြန်အလှန်သဘော ထောမနာပြုလိုက်သည်။

"ဟုတ်တယ်ဗျာ... စလိုက်ဒ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဟွတ်က ပါနေတာချည့်ပဲ။ နည်းနည်းတော့ ပြန်ကျင့်ဦးမှ"

သူ့ရိုက်ချက်မှာ အလံတိုင်ရှိရာသို့ တည့်တည့်မသွားဘဲ ယာဘက်သို့ စောင်းပါသွားခြင်းကြောင့် စလိုက်ဒ်ပါသွားသည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။ ဘယ်ဘက်သို့ စောင်းပါသွားလျှင် ဟွတ်က ပါသည်ဟု ပြောရပေမည်။ တုတ်ကိုင်ပုံ၊ ဆုပ်ပုံ၊ လွှဲပုံ၊ ခြေထောက်အနေအထား တစ်ခုခုက ဟန်မကျခဲ့လျှင် ယင်းသို့ဖြစ်ရစမြဲပင်။

ကျွန်တော့်အလှည့်တွင်မူ များစွာ စိတ်ပျက်ဖွယ်ကောင်းတော့သည်။ ကျွန်တော့်တုတ်များမှာ သူငယ်ချင်းတစ်ယောက် နိုင်ငံခြားမသွားမီ ပေးထားခဲ့သည့် တစ်ပတ်ရစ်များဖြစ်သည်။ 'ဒရိုက်ဗာ' ခေါ် ပွဲဦးရိုက်ချက်တုတ်မှာ ဟောင်းနွမ်းလှခြင်းကြောင့် 'ဘရတ်ဆီ' ခေါ် အခြားသစ်သားခေါင်းတပ်တစ်ချောင်းကို အားထားရိုက်နေရသည်။ ထို့ပြင်

mgyoe.com

mgyoe.com



ဤမြို့သို့ ကျွန်တော့်မှာ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိဖူးသူ ဖြစ်သည့်အတွက် ဂေါက်သီးကွင်းမှာ ကျွန်တော့်အတွက် ကွင်းစိမ်း ဖြစ်နေသည်။

ထို့ထက် ကျွန်တော့်ရိုက်ချက်များကို ပျက်ပြားစေသူမှာ ဒေါ်ပုပင်ဖြစ်သည်။ ဒေါ်ပုမှာ ထိုနေ့ညနေအဖို့ ကျွန်တော့် ဂေါက်သီးတုတ်များပါသည့်အိတ်ကို သယ်ယူလျက် ကျွန်တော့်နောက်မှ တကောက်ကောက်လိုက်ပါရသည့် 'ကယ်ဒီ' ပင်ဖြစ်၏။ ကျွန်တော်တို့သုံးဦး ဂေါက်သီးရိုက်ရန်အတွက် အကူအညီ လူခြောက်ဦး လိုအပ်ပေသည်။ ကျွန်တော်တို့အိတ်များကို သယ်ယူရန်မှာ သုံးဦးနှင့် ကျွန်တော်တို့ဘောလုံးများကို ရှေ့မှ ကြိုကြည့်ရန်မှာ သုံးဦးဖြစ်သည်။ ကျွန်တော် ကံဆိုးချင်၍လောမပြောတတ်။ ကျွန်တော့်အိတ်သယ်သူမှာ ဒေါ်ပုခေါ် ၄၀ ကျော်အရွယ်အမယ်ကြီးတစ်ဦး ဖြစ်နေသည်။ ဦးသိန်းဟန် အိတ်သယ်သူမှာ ၁၂ နှစ်ရွယ် သူငယ်မလေးတစ်ဦးနှင့် ဦးသက်တင်အတွက်မှာမူ သူ့ရုံးစေတပည့်ကျော် ဆွာမိက ကိုယ်ရံတော်ပမာ ထက်ကြပ်လိုက်ပေးသည်။ ငှားသူများအတွက် သတ်မှတ်ထားသော အဖိုးအခအပြင် စေတနာ ရှိသလောက် 'တစ်' ပေးရန်မှာ ကျွန်တော်တို့တာဝန် ဖြစ်၏။

မိကျောင်းသားလို လျှာရှည်ချင်သော ကျွန်တော်ကလည်း ဒေါ်ပုနှင့် စကားစမိသည်။ ဂေါက်သီးကွင်းမှာ ကျွန်တော့်အတွက် ကွင်းစိမ်းဖြစ်သလို ဒေါ်ပုနှင့် ကျွန်တော်မှာလည်း မျက်နှာစိမ်းများ ဖြစ်ကြသည်။ ကျွန်တော်က ဒေါ်ပုကို မမြင်ဖူး၍မသိသော်လည်း ဒေါ်ပုကမူ ကျွန်တော် တစ်ချက်၊ နှစ်ချက်ရိုက်ကတည်းက ကျွန်တော် မည်မျှရိုက်တတ်သည်ကို ရိပ်စားမိခဲ့သည်။ ကျွန်တော့်ထက် ဂေါက်ရည်ဝသော ဒေါ်ပုပါပေ။

မိကျောင်းသား ကျွန်တော်နှင့် မိကျောင်းသမီး ဒေါ်ပုတို့ကို စကားဆက်မိစေသော အကြောင်းမှာလည်း ဂေါက်တေးကြောင့်ပင် ဖြစ်သည်။

mgyoe.com

mgyoe.com


ဂေါက်တေးဟူသောနာမည်ကို စကားစပ်မိမှ ကျွန်တော်က သိရသည်။ ဂေါက်တေးမှာ ကျွန်တော်တို့နောက်က အဖွဲ့တွင် ဦးခင်လင်း၏ ဂေါက်အိတ်ကို သယ်ပိုးလိုက်ရသော ကယ်ဒီအမျိုးသမီးလေးပင် ဖြစ်သည်။

ဂေါက်ရိုက်ကွင်းသို့ စရောက်ကတည်းက ကျွန်တော်က ဂေါက်တေးကို သတိပြုမိသည်။ တော၏သမီးပျိုဟုပင် ခေါ်ရမည်။ သို့သော် မြို့၏အသွင်တို့က အတန်လွှမ်းမိုးနေပြီဖြစ်သည်။ အနက်ပိန်းပေါ်တွင် အဝါပွင့်ဖော်ထားသော ထဘီတစ်ပတ်နွမ်းကလေး၏ အောက်ပိုင်းတွင် ပေါ်နေသော ခြေသလုံးသားကလေးမှာ ဝါဝင်းသောအသားအရေနှင့် ပျိုမျစ်သောအရွယ်ကို ဖော်ပြနေသည်။ ဖိနပ်ကို စွဲမြဲစွာ မစီးတတ်သော အလေ့အကျင့်နှင့် နေပူမိုးရွာမရှောင် သွားလာခဲ့သော ဒဏ်များကြောင့် ဖနောင့်သားကလေးများမှာ ကွဲအက်နေသည်။ ဘော်လီအင်္ကျီမှာ အပေါ်ဝတ်အင်္ကျီလောက် မသန့်ပြန့်လှဘဲ ထဘီညှပ်ရာတစ်ဝိုက်နှင့် အိတ်နှိုက်ရာတစ်ဝိုက်၌ အတန်ညစ်နေသည်။ အင်္ကျီ၌ ကြယ်သီးများ တပ်မထားသောကြောင့် မို့မောက်ဖွံ့ထွားသော ရင်သားများကို တွယ်ချိတ်များဖြင့် ထိန်းသိမ်းဖုံးကွယ်ထားရသည်။ မျက်နှာကလေးမှာ ဝင်းဝါစိုပြည်လျက် မည်းမှောင်သော မျက်ခုံးမွေးကြီးများမှာ ထူးကဲပေါ်လွင်လှသည်။ သူ့ကို ကျွန်တော် သတိပြုမိသောအခါတွင် ဂေါက်တေးသည် လင့်ရိုဗာကားပေါ် ဦးခင်လင်း၏ ဂေါက်သီးအိတ်ကို ဆီးယူလျက်ရှိပြီဖြစ်သည်။ ထို့ကြောင့် ယနေ့အဖို့ ဦးခင်လင်း ကံကောင်းသည်ဟု ဆိုရမည်။ ဂေါက်သီးရိုက်လာသူများမှာ ဂေါက်တေးကို သူ့ထက်ငါ ဦးအောင် ငှားလိုကြသူများသာ များပြားသည်ဟု နောက်မှ ကျွန်တော်က သိရတော့၏ ။

ပထမဆုံးတွင်းကို ရိုက်ပြီးကတည်းက ကျွန်တော့် 'ကယ်ဒီ' ဒေါ်ပုနှင့် စကားဆက်မိကြသည်။ ပထမဆုံးတွင်းမှာ ဘူဂီ ၄ ဖြစ်သည်။

mgyoe.com

mgyoe.com


ဘူဂီ ၄ ၏အဓိပ္ပာယ်မှာ စတင်ရိုက်သည့် ကုန်းမြင့်ကမူမှ ဂေါက်သီး ဘောလုံးတွင်းငယ်ကလေးတွင်းသို့ ဝင်သည်အထိ လေးချက်နှင့် အပြီး ရိုက်ရမည်ဟူပေသည်။ ၎င်းလေးချက်မှာ ချော်ရိုက်မိသောအချက်များ၊ လေထဲရိုက်သောအချက်များအားလုံး အကျုံးဝင်ပေသည်။

ဘူဂီ ၄ ကို ကျွန်တော်က ခြောက်ချက်ရိုက်မှ တွင်းဝင်သည်။ ထို့ကြောင့် တူးအဘပ်ဖ် ဖြစ်သွားသည်။ အဓိပ္ပာယ်မှာ နှစ်ချက်ပိုသွားသည်။

ဦးသိန်းဟန်က ဝမ်းအဘပ်ဖ် တစ်ချက်ပိုဖြစ်၏။ ဦးသက်တင်က ပွဲဦးထွက် ဘူဂီရ၏။ အဓိပ္ပာယ်မှာ လေးချက်ရိုက်တွင်းကို လေးချက်နှင့် အဝင်သွင်းနိုင်ခဲ့ခြင်းဖြစ်၏။ ဒုတိယတွင်းစလျှင်ပင် ကျွန်တော့် ကယ်ဒီ ဒေါ်ပုက စကားစလာ၏။

"ဆရာလေးက အကျင့်မရှိတာကြာပြီထင်တယ်"

"ဟုတ်ကဲ့"

ကျွန်တော်က သာမန်မျှသာဖြေရင်း...

"နံပါတ် ၃ ပေးစမ်းပါဗျာ" ဟု လိုချင်သောတုတ်တစ်ချောင်းကို လှမ်းတောင်းလိုက်၏။ ဒေါ်ပုက တုတ်တစ်ချောင်းကိုထုတ်ပေး၍ လှမ်း ယူလိုက်ရာ နံပါတ် ၅ ဖြစ်နေ၏။ ထို့ကြောင့် ကျွန်တော်က...

"အိုဗျာ... နံပါတ် ၃ ပေးပါဆိုတာ ဒါ နံပါတ် ၅ ကြီးပါလား" ဟု မကျေမနပ်ပြောလိုက်သည်။ သို့စဉ်လည်း ဒေါ်ပုက...

"ရှေ့နားမှာ ကမူကလေးရှိတယ် ဆရာလေးရဲ့၊ ကမူလေးရဲ့ ဟို ဘက်မှာ ရေအိုင်ကလေးရှိတယ်၊ ကမူကိုကျော်မှ ရေအိုင်ထဲမကျမှာ။ ဆရာလေး ရိုက်ချက်နဲ့ဆိုရင် နံပါတ် ၅ နဲ့ရိုက်မှ ဒီကမူကို ကျော်နိုင် မှာ၊ မဟုတ်ရင်တော့ ဘောလုံး ရေအိုင်ထဲကျမှာပဲ"

ထို့နောက်တွင်မူ ဒေါ်ပုကို ကျွန်တော်က ဆရာတင်ရတော့သည်။

mgyoe.com

mgyoe.com


သူပေးသော တုတ်နှင့်သာရိုက်ရန် ရှိတော့၏။ ကျွန်တော့်စိတ်တွင် သိချင်လှသော ပြဿနာကလေးကို လွှတ်ခနဲမေးမိသည်။

"ဟိုနောက်အဖွဲ့က ကယ်ဒီကောင်မလေးက ဘယ်ကလဲဗျ"

ဒေါ်ပုသည် နှုတ်ခမ်းကိုရွဲ့၍ တစ်ချက်မဲ့လိုက်ကာ...

"ဟင်း... ဆရာလေးကလည်း ငှားချင်ပြီထင်တယ်။ အဲဒါ မိဂေါက်တေးပေါ့တော်။ ဒီညနေတော့ ဟိုကန်ထလိုက်ကြီးက ဦးနေပြီ။ ကြည့်လေ... ဟိုနောက်မှာ ကန်ထလိုက် တရုတ်ပုပ်ကလည်း ခပ်ကမြင်း၊ ကောင်မကလည်း ဒါမျိုးစောင့်နေတာနဲ့။ ကြည့်ပါ ဘောလုံးပျောက်ပါ လိမ့်ဦးမယ်"

ကျွန်တော့်မှာ သူ့စကားကြောင့် အတော်အံ့အားသင့်သွားသည်။ သို့ကြောင့် စကားဆက်မပြောသေးဘဲ ကျွန်တော့်ဂေါက်သီးကို ဒေါ်ပု လှမ်းလင့်သော နံပါတ် ၇ နှင့် ပင့်တင်လိုက်ရာ ဂေါက်သီးကျင်းအဝိုင်း သဲဖြူဖြန့်ခင်းထားရာ ဘရောင်းခေါ် စက်ကွင်းပေါ်သို့ တိတိကျကျ ရောက်သွားသည်။ ဦးသိန်းဟန်နှင့် ဦးသက်တင်တို့ ဘောလုံးများလည်း ရောက်နေပြီဖြစ်သည်။ သူတို့ဘောလုံးများကို တွင်းသွင်းနေခိုက် ကျွန်တော်က ဒေါ်ပုနှင့် တိုးတိုးသက်သာ စကားဆက်မိသည်။

"ဘာ့ကြောင့် ဘောလုံးပျောက်ရမှာလဲဗျ"

"အို... ဟောဟိုဘက်က တောတန်းနဲ့ လျှိုကလေးနားမှာလေ။ အမြဲတမ်း ဒီကောင်မပါရင် ဘောလုံးပျောက်နေကျပေါ့။ ဆရာဝန်ကြီး များဆိုရင် ခါတိုင်းနေ့များ ဘယ်တော့မှ မရိုက်ဘူး။ ဂေါက်တေးငှားတဲ့ နေ့ဆိုရင် မိုးစုပ်စုပ်ချုပ်အထိ ရိုက်တာပဲ"

"ဂေါက်တေးနဲ့မှ ရိုက်တော့တာလားဗျာ"

ကျွန်တော့်အသံမှာ နည်းနည်းကျယ်သွားသည့်အတွက် ပတ်တာ လုပ်အံ့ဆဲဆဲ ဦးသက်တင်က မနှစ်ခြိုက်သလို လှမ်းကြည့်လိုက်သည်။

mgyoe.com

mgyoe.com


ထို့ကြောင့် စကားဆက်ပြတ်သွားပြန်သည်။ ထိုတွင်းမှာ ဘူဂီ ၅ ဖြစ်၍ ဦးသိန်းဟန်က ဘူဂီ ရသောကြောင့် ရွှင်နေသည်။ ကျွန်တော့်မှာ ချော် ရိုက်မိသည့်အချက်ရော လေထဲရိုက်မိသည့်အချက်ပါ စုစုပေါင်း ကိုးချက် ရိုက်မှ တွင်းဝင်သည်။ သို့သော် ကျွန်တော် ချော်သည့်အချက်များမှာ ဦးသိန်းဟန်၊ ဦးသက်တင်တို့နှင့် အတန်ကွာဝေးသောအရပ်၌ ဖြစ်ခြင်း ကြောင့် ကျွန်တော့်အချက်ကို မေးရာ၌ ကျွန်တော်က ခုနစ်ချက်ဟု ရေးမှတ်ထားစေလိုက်သည်။

ဂေါက်သီးမှာ လူကြီးလူကောင်းများ ကစားနည်းဖြစ်သဖြင့် မိမိ ရိုက်ချက်ကို မည်သူမျှ မမြင်ရသော်လည်း မလိမ်မညာရဟု ဆိုရိုးရှိသည်။ သို့သော် ကျွန်တော်မှာ လူကြီးလူကောင်းလည်း မဟုတ်သောကြောင့် ကိုးချက်ရိုက်ခဲ့သည်ကို လျှော့ကာ ခုနစ်ချက်ဟု ဖြီးလိုက်သည်။ ဦးသိန်း ဟန်က စကိုးကပ်ခေါ် မှတ်တမ်းတွင်မှတ်၏။ ဒေါ်ပုက ပြုံး၏။ ကျွန် တော်ကမူ ခပ်တည်တည်ပင်။

နောက်တွင်းမှာ ဘူဂီ ၃ ဖြစ်၏။ ဦးသိန်းဟန်က...

"ဒါကတော့ ကျုပ်ရဲ့ လက်အတွေ့ဆုံး တွင်းပဲဗျ" ဟုဆိုကာ နံပါတ် ၃ တုတ်နှင့် ရိုက်တော့သည်။

ဦးသက်တင်က သူ့အသည်းကျော် ဒရိုက်ဗာနှင့်ပင် ရိုက်သည်။ ဒေါ်ပုက ကျွန်တော့်ကို နံပါတ် ၅ နှင့် ရိုက်စေသည်။ ကျွန်တော့်ရိုက် ချက်မှာ အလောတော်တွင်ကျသည်။ ဦးသိန်းဟန် ဘောလုံးမှာ ချုံတစ်ခု တွင်းဝင်သွားသည်။ ဦးသက်တင်ဘောလုံးမှာ နှမ်းခင်းများရှိရာဘက် ထွက်သွား၏။ ကျွန်တော်က စကားကိုဆက်လို၍...

"ဒေါ်ပု... ခင်ဗျား ဂေါက်သီးကွင်းမှာလုပ်တာ ကြာပြီထင်တယ်" ဟု အစ်လိုက်သည်။

"ကျုပ်ကတော့ ဆရာလေးရယ်၊ ဟိုအင်္ဂလိပ်ခေတ် သခင်ကြီးတို့

mgyoe.com

mgyoe.com


ရှိစဉ်ကတည်းကပါပဲ”

ဒေါ်ပုမှာ ဗြိတိသျှဗျူရိုကရက်ကြီးများ ဂေါက်သီးရိုက်သည့်အချိန်၊ သူမအပျိုအရွယ်လေးဘဝမှသည် ယခုခေတ် တို့ဗမာ သာကီမျိုးများ ဂေါက်သီးရိုက်သည့်အချိန်အထိ ဂေါက်သီးကောက်ခြင်း၊ အိတ်ပိုးခြင်း အလုပ်ကို လုပ်ခဲ့ဖူးဟန် တူပေ၏။ ထိုရောအခါမှ ကျွန်တော်က ဒေါ်ပု ငယ်စဉ်က ရှိခဲ့မည့် သနားကမား စွဲမက်စရာရုပ်ရည်ကို တွေးထင်ကြည့်မိသည်။

“ဟိုတုန်းကတော့ ဒီနားတစ်ဝိုက် ရွာတွေက ဂေါက်သီး ထွက်ကောက်သူတွေမှန်သမျှထဲမှာ ကျုပ် အရဆုံးပေါ့ ဆရာလေးရဲ့။ တစ်နေ့ ကို သုံးမတ်၊ တစ်ကျပ် စီချင်လည်း စီတာပဲ။ အရေးပိုင်ကြီး ဂျူးသခင် ဘိလပ်ပြန်ခါနီးတုန်းကဆိုရင် ကျုပ်ခေါ်ပြီး လက်ဆောင်တွေ ပေးလိုက်တာ မသယ်နိုင်အောင်ပဲ”

ထိုမြို့ကလေးတွင် ဗျူရိုကရက်ခေတ်က အရေးပိုင်လုပ်ခဲ့ဟန် တူသော မစ္စတာဂျူးဆိုသူ သဘောကောင်းလှသည့် သခင်ကြီးကို ကျွန်တော်က မှန်းဆကြည့်မိ၏။

“ကျုပ်တို့ငယ်တုန်းဖြင့် မိဂေါက်တေးလို မနန့်ပေါင်တော်။ ခုတော့ သူ့ဟာက ဂေါက်သီးရိုက်တဲ့ တစ်နေ့တစ်နေ့ ၁၀၊ ၁၅ ကျပ် အိတ်ထဲထည့်လာပြီး ရွာမှာ မော်ရတာကလည်း အမြင်ကတ်ဖို့ တယ် ကောင်း”

ဂေါက်သီးကွင်းမှာ မြို့နှင့် သုံးမိုင်အကွာလောက်၌ ရှိသည်။ ကွင်း ၏တစ်ဖက်တွင် ဥသျှစ်ခြံရွာကလေးရှိ၏။ ရွာကလေးမှ သူငယ်၊ သူငယ်မအချို့မှာ ဂေါက်သီးကွင်း၌ အတော်စီးပွားဖြောင့်နေဟန် တူ သည်။ ဂေါက်တေးမှာ ကြေးအရဆုံးဖြစ်၏။ ဘူဂီ ၃ ကို ကျွန်တော်က သုံးချက်နှင့်ပင်ရိုက်၍ ဘူဂီရခဲ့သည်။ ထိုနေ့ညနေအတွက် အကောင်း

mgyoe.com

mgyoe.com


ဆုံးရိုက်ချက်ဖြစ်၏။ ဦးသိန်းဟန်မှာ သူ လက်တွေ့သောတွင်းကျကာမှ ဝမ်းအဘပ်ဖ်နှင့် ကျေနပ်လိုက်ရသည်။ ဦးသက်တင်မှာ ချော်နေသည်။

"ခင်ဗျား ဘူဂီတွေ ဘာတွေရနေပြီပဲ၊ ဟင်းဒီကက် ပြုတ်တော့မှာပေါ့"

ဦးသိန်းဟန်က ကျွန်တော့်ကို မေးလိုက်၏။ ကျွန်တော့် ဟင်းဒီကက်မှာ ၂၄ ဖြစ်၏။ ဟင်းဒီကက် ၂၄ ၏အဓိပ္ပာယ်မှာ ဂေါက်သီးပြိုင်ပွဲများတွင် တစ်ခါမှ ဆုမရဖူးသေးသော လူစိမ်းသက်သက်ဟု သဘောပေါက်၏။ ဂေါက်သီးကွင်းတစ်ခုလုံး ၁၈ တွင်းရှိသည့်အနက် ပျမ်းမျှကြည့်လျှင် စုစုပေါင်း ၇၂ ချက်နှင့် အပြီးရိုက်နိုင်ရမည်ဖြစ်သည်။ ကျွန်တော့် ဟင်းဒီကက်မှာ ၂၄ ဖြစ်သည့်အတွက် ၇၂ အပေါင်း ၂၄ ရိုက်နိုင်ရာ ၉၆ ချက်နှင့် ပြီးစီးအောင် ရိုက်ခွင့်ရှိခြင်းပင် ဖြစ်၏။ ဦးသိန်းဟန် ဟင်းဒီကက်မှာ ၂၂ ဖြစ်ရာ သူက ၉၄ ချက်သာ ကစားရမည်ဖြစ်၏။ အကယ်၍ ဦးသိန်းဟန်နှင့် ကျွန်တော် ရိုက်ချက်ချင်း ညီခဲ့သော် သူက ရှုံးပေမည်။

နောက်တစ်ချီတွင် ပွဲဦးထွက် ကျွန်တော်က စရိုက်ခွင့်ရသည်။ ဦးသိန်းဟန်နှင့် ဦးသက်တင်မှာလည်း ရိုက်ရင်း စကားဆက်မိနေကြဟန်တူသည်။

"အိုင်ဆေး... ဦးသိန်းဟန်၊ ဒေါက်တာဒေးဗားက တယ်လူပါး၀ပါလားဗျာ။ ကျွန်တော့်သမီးလေး မမာလို့ အိမ်ခေါ်တာ မလာဘူးဗျ။ လှီးလွှဲချနေတယ်"

ဦးသက်တင်က နောက်ပိုင်းတွင် ရိုက်နေကြသော ဒေါက်တာတို့ အဆိုင်းဘက်သို့ကြည့်ရင်း ပြောလိုက်၏။

"ဟုတ်တယ်ဗျ၊ ကျွန်တော့်လည်း တစ်ခါလုပ်ပြီးပြီ။ ဒီငနဲက အော်ဖစ်ဆာတွေအိမ်တော့ ပိုက်ဆံမရမှန်းသိလို့ ဘယ်လာမလဲဗျာ။ သူ့ဒွေး

mgyoe.com

mgyoe.com


တို့၊ ကန်ထရိုက်တို့အိမ်ကျတော့ ဥဒဟိုပဲ"

"ကြည့်သေးတာပေါ့ဗျာ၊ ဒါထက် ခင်ဗျားဆီမှာ ကျောက်ခဲနည်းနည်းပိုရင် အိမ်ပို့ပေးစမ်းပါဗျာ၊ အိမ်ရှေ့မှာ ခင်းချင်လို့ပါ"

"ရပါတယ်ဗျာ...၊ ကျွန်တော် အရင်ပြောထားတဲ့ကိစ္စလေးလည်း ပြီးအောင် ကြည့်လုပ်ပေးလိုက်ပါ ဟုတ်လား"

"ဟာ... စိတ်ချပါ"

ဂေါက်ရိုက်ရင်း အလုပ်ကိစ္စကလေးများလည်း ပြီးအောင် ပြောရသည်။ မကျေနပ်သည့် အတင်းအဖျင်းကလေးများလည်း ပြောရပြန်သေးသည်။

ဒီတစ်ချီရိုက်ကွင်းတွင် ရှေ့ဆီမှ တောတန်းကလေး ဆီးနေသည်။ တောတန်းကလေးတစ်ဖက်တွင် လျှိုကလေးတစ်ခုကလည်း ရှိသည်။ သို့ကြောင့် ကျွန်တော့်ဘောလုံးကို တောတန်းဘက်လည်းမရောက်၊ လျှိုတွင်းလည်း မကျစေရန် အထူးသတိထားရိုက်ရသည်။ တောတန်းနှင့် လျှိုကြားတွင် ဘောလုံး မကြာခဏပျောက်တတ်သည်ဟု ဒေါ်ပုက သတိပေးသည်။ ကျွန်တော်တို့နောက်မှ အဖွဲ့မှာ မီလာသည့်အတွက် ကျွန်တော်တို့ရိုက်နှင့်ရန် စောင့်နေကြသည်။ ဦးခင်လင်းက တုတ်ကို ထောက်မှီရပ်ရင်း...

"ဘယ့်နှယ်လဲ အရေးပိုင်မင်းရဲ့၊ လက်တွေ့ရဲ့လား၊ ကျွန်တော်တို့တော့ ဒီကနေ့ ဒေါက်တာက 'ဘူဂီ' 'ဘတ်ဒီ' နဲ့ချည်း အုပ်သွားတာပဲဗျ" ဟု လှမ်းအော်ပြောလိုက်သည်။

သူ့နောက်နားတွင် ဂေါက်အိတ်ကိုလွယ်ကာ မယောင်မလည်နှင့် ရပ်နေသော ဂေါက်တေးကို ကျွန်တော်က ဒုတိယအကြိမ် သတိပြုမိသည်။ တစ်ပတ်လျှို ထုံးနှောင်ထားသော ဆံပင် နဖူးထက် ဆံစကလေးများပေါ်တွင် ချွေးပေါက်ကလေးများ စို့နေသည်။ မျက်နှာကလေးမှာ

mgyoe.com

mgyoe.com


ချွေးပြန်နေသည်မှအပ သဘာဝနီထွေးသော နှုတ်ခမ်းကလေးများကြောင့် တစ်မျိုးချစ်စရာကောင်း၏။ ခါးအနည်းငယ်တုတ်သည်မှအပ ကိုယ်လုံးကိုယ်ပေါက်မှာ ပြောစရာမရှိ။

ဒေါ်ပု၏ညွှန်ချက်များကြောင့် ကျွန်တော်သည် တောတန်းအကွယ်နှင့် လျှိုကြားတွင် ဘောလုံးမပျောက်စေဘဲ ကျော်လွန်ရိုက်နိုင်ခဲ့သည်။ ဒေါ်ပုက ဂေါက်တေးတို့ရှိနေရာဆီသို့ လှမ်းမျှော်ကြည့်ရင်း...

"ဒီ ဦးခင်လင်းကြီးကို သည်းလွန်းပါသတော်၊ အရင်ပြောင်းသွားတဲ့ နယ်ပိုင်ဝန်ထောက်ကလေးနဲ့လည်း တစ်ခါရန်ဖြစ်ပြီးပြီ၊ မိဂေါက်တေးကိစ္စပဲပေါ့ ဆရာလေးရဲ့"

"ဟုတ်လား... ဘာဖြစ်ကြသလဲဗျ"

ကျွန်တော့်မှာ ဤမြို့တွင် ညေ့်သည်ဖြစ်ခြင်းကြောင့် မြို့ခံအရာရှိပိုင်း၊ သူဌေးပိုင်းတွင် သိကျွမ်းသူမရှိသလောက်ဖြစ်သည်။ ဒေါ်ပုကလည်း မျက်နှာစိမ်းဖြစ်၍ အားမနာတမ်း ပြောနေဟန်တူ၏။

"ဘာဖြစ်ရမလဲ ဆရာလေးရဲ့၊ ဂေါက်တေးနဲ့ သူတစ်လှည့်၊ ဝန်ထောက်တစ်လှည့် ညနေတိုင်းလိုလို ရိုက်လိုက်ကြတာ နောက်ဆုံး အစေမတည့်ကြတော့ ရန်ဖြစ်ကြတာပဲ။ ဒါပေမဲ့ ကောင်မကိုက ငွေများများပေးနိုင်တဲ့ သူဌေး ဦးခင်လင်းကို ကပ်နေတာ များပါတယ်"

ကျွန်တော်က ဂေါက်သီးရိုက်ခြင်း အင်္ဂါရပ် ညီညွတ်စေရန် စတိုင်ကျကျဝတ်ထားသော ဦးခင်လင်းကို သတိပြုမိသည်။ အမေရိကန်နှင့်ပင် တူသလိုလိုရှိ၏။

"ကျုပ်တို့ သခင်ကြီးများရှိစဉ် အင်္ဂလိပ်ခေတ်ကတည်းက လုပ်လာတာပါတော်။ ဥဿျစ်ခြိတစ်ရွာလုံး မေးကြည့်ပါ။ ဒီလိုများ နန့်နန့်မတက်ခဲ့ပါဘူး"

တောတန်းကလေး ကျော်ရိုက်ပြီးနောက် ကျန်နှစ်တွင်းကို ခပ်

mgyoe.com

mgyoe.com


သုတ်သုတ်ပင် ရိုက်ပြီးသွားတော့သည်။ ကျွန်တော်တို့ရှေ့က အဆိုင်း ဖြစ်သော ဗိုလ်မှူးခင်မောင်ပြုံးတို့မှာ ပြီးစီး၍ ဂေါက်ကလပ်အတွင်း ရေခဲစိမ်ဘီယာများပင် သောက်နေကြလေပြီ။ ကျွန်တော်က နောက်ဘက် သို့ မျှော်ကြည့်လိုက်ရာ ဒေါက်တာဒေးဗားတို့အဖွဲ့မှာ တောတန်းကလေး တစ်ဝိုက်၌ပင် ရှိနေကြသည်။ နေလည်းဝင်စပြုပြီ၊ တောတန်းကလေး တစ်ဝိုက်၌ ရီမှောင်ညို့မှိုင်းနေပေပြီ။

ကျွန်တော်က အပန်းပြေ ဘီယာသောက်နေချိန်ဝယ် ဒေါက်တာ ဒေးဗားနှင့် ဦးမောင်လှတို့ ရောက်လာကြသည်။ ဦးမောင်လှက ချွေးများ ကိုသုတ်ရင်း...

"တော်ပြီဗျာ...၊ ပြီးအောင်တောင် မရိုက်ချင်တော့ဘူး။ ဒီကနေ့ တော့ ဒေါက်တာပဲ စားသွားတာပဲ။ ဦးခင်လင်းတော့ ဘောလုံးပျောက်လို့ ရှာနေရစ်ခဲ့တယ်" ဟုဆိုကာ ကြိမ်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။ ကလပ်တွင်းရှိ လူအချို့က မသိမသာ ပြုံးကြ သည်။ ဗိုလ်မှူးခင်မောင်ပြုံးကမူ "ပတ်တာ ကျင့်နေခဲ့တာလားဗျ" ဟု မကြားတကြား ပြောလိုက်၏။

ကလပ်အပြင်ဘက် ချောင်တစ်နေရာတွင်မူ ဆေးလိပ်သောက် အပန်းဖြေရင်း မဲ့ရွဲ့စကားပြောနေသော ဒေါ်ပုကို ယခုမှ ကျွန်တော်က သတိရတော့သည်။ သို့ကြောင့် လှမ်းထွက်ခဲ့လျက် "ရော့ဗျို့... ဒေါ်ပု ခင်ဗျားအားလုံးယူလိုက်တော့ဗျာ..." ဟုဆိုကာ ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

"ကျေးဇူးပါပဲ ဆရာလေးရယ်၊ ရော့ ဟေ့သား၊ မင်းအိတ်ထဲမှာ ပဲ ထည့်ထားလိုက်စမ်းကွယ်"

ထိုအခါကျမှ ဒေါ်ပု၏သားဆိုသည့် လူရွယ်ကလေးကို ကျွန် တော်က မြင်မိသည်။ ဒေါ်ပုက သားဆို၍သာ ယုံရတော့မည်။ သူငယ်

mgyoe.com

mgyoe.com


ကလေး၏ သွင်ပြင်မှာ ဆံပင်နီကြောင်ကြောင်၊ နှာခေါင်းချွန်ချွန်၊ မျက်လုံးပြာကလေးနှင့် အသားလတ်လတ်။

ကျွန်တော့်မှာ ခေတ္တမျှ ကြက်သေသေသွားသည်။

ကျွန်တော့်မျက်စိတွင်း၌ ဒေါ်ပုနှင့် ဒေါ်ပုသားကို မမြင်မိတော့။ ကျွန်တော့်စိတ်အာရုံဝယ် ယခုအခါ အင်္ဂလန်ပြည် ဂေါက်သီးကွင်းတစ်ခု၌ ဂေါက်သီးကစားကောင်း ကစားနေမည့် သခင်ကြီးခေါ် မစ္စတာဂျုံး ဆိုသူတစ်ဦးကို မြင်ယောင်လျက် ရှိပေတော့သည်။

နယ်ချဲ့အရင်းရှင်၏ လက်ပါးစေ ဗျူရိုကရက်အရာရှိကြီး မစ္စတာ ဂျုံးနှင့် ဦးခင်လင်းတို့လို အရင်းရှင်များ၊ နယ်ပိုင်ဝန်ထောက်မင်းတို့လို ခေတ်အရာရှိများ မည်သို့ကွာခြားပါသေးသနည်းဟု ကျွန်တော် တွေးမိသည်။

သို့သော် ဦးခင်လင်းတို့၊ ဝန်ထောက်မင်းတို့ကို အပြစ်မဆိုသာပါပေ။ ဂေါက်တေးကိုလည်း အပြစ်ဆိုရန်လော၊ မဟုတ်ပါ။ အတုမြင်၍ အတတ်သင်ခြင်းမျှသာ။

မြဝတီ၊ ဇူလိုင်၊ ၁၉၅၈

❑

mgyoe.com

mgyoe.com

## ရေဘုံပိုင် သရဲမကလေး

သည်ရပ်ကွက်ကို ရောက်သည်ဆိုကတည်းကပင် သူတို့တစ်တွေနှင့် ရေစက်ဆုံခဲ့ရသည်။ သည်ရပ်ကွက်ဆိုသည်မှာ ယခုအခါ ပြည်တော်သစ်ရိပ်သာဟု အမည်တွင်လေသည့် ရှေးယခင်က အလီမူလာမြို့ဟောင်းတစ်နေရာပင်တည်း။

သူတို့တစ်တွေဆိုသည်မှာတော့ များပြားလှသည်။ စင်စစ် ဤရပ်ကွက်တွင် ကျွန်တော်တို့က ကျူးကျော်သူများ ဖြစ်နေသည်။ ကျွန်တော်တို့တစ်တွေမှာ နိုင်ငံတော်အစိုးရ ပြည်သူ့အိုးအိမ်ဌာနမှ တိုက်ကြီးတွေ ဟိန်းနေအောင် ဆောက်ပြီးမှ ဧွေ့ခနဲ တိုက်ကြီးပေါ် အခန့်သားတက်နေကြသော အစိုးရအမှုထမ်းများ၊ လူလတ်တန်းစားကုန်သည်များဖြစ်ကြသည်။ သူတို့မှာမူ ဤရပ်ကွက် အခြေတည်ကတည်းပင် မိုတင်းနေထိုင် လုပ်ကိုင်စားသောက်သူများဖြစ်ကြ၏။ ဆိပ်ကမ်းအလုပ်သမားများ၊ ထင်းလှည်းတွန်းရောင်းသူများ၊ စွပ်ကျယ်စက်၊ မီးခြစ်စက် အလုပ်ဆင်းသူများ၊ ခေါင်းရွက်ဈေးသည်များ စသည့်နေ့စား အလုပ်သမားများ

mgyoe.com

mgyoe.com


ဖြစ်ကြသည်။ တစ်နေကုန် တစ်နေခန်း နေပူ မိုးရွာမရှောင် ပင်ပန်းကြီးစွာ လုပ်ကိုင်ပါမှ ထမင်းနပ်မှန်သူများသာ ဖြစ်ကြသည်။

သို့သော် သူတို့အတွက်မူ ဆရာစလေဦးပုည ရေးသည့် 'ထမင်းရက်ချန်၊ ရေရက်မှန်နှင့်' ဟူသောစာသည်ပင်လျှင် လုံလောက်အံ့မထင်၊ နေထိုင်မကောင်း၍ အလုပ်မဆင်းနိုင်သော ရက်များတွင် ထမင်းသည်လည်း နပ်မမှန်တော့။ ထို့ပြင်တဝ တစ်နေကုန် လုပ်ကိုင်ရောင်းချ၍ မည်မျှနွမ်းနယ်ပင်ပန်းလှသည်တိုင်အောင်လည်း တစ်ရပ်ကွက်လုံးအတွက် တစ်ခုတည်းသော ရေဘုံပိုင်တွင် သန်းခေါင်ကျော် လင်းအားကြီးထိ စောင့်လျက် ရေမခံပါသော် သောက်ရေသည်လည်း ရက်မမှန်တော့။

ဤတွင် သူတို့တစ်တွေနှင့် ကျွန်တော်တို့ ရေစက်ဆုံမိကြခြင်းပင်ဖြစ်၏။

ကျွန်တော်တို့ကလည်း ရောင်းရေးဝယ်တာ လုပ်ငန်းများ၊ ရုံးလုပ်ငန်းများတွင် တစ်နေကုန် ပင်ပန်းလာကြသူများဖြစ်သည့်အလျောက် ညအချိန်တွင် မေးစက် အနားယူလိုကြသည်။ သူတို့ကလည်း တစ်နေကုန်လုပ်ငန်းအသီးသီးမှ ပြန်လာကြကာ ညနေ မှောင်ရီပျိုးသည်ဆိုကတည်းက ရေတစ်စက်မှ မကျသေးသော ရေဘုံပိုင်တွင် သံပုံးသံချိုင့်တန်းစီကာ အိမ်ရှိ လူကုန်နီးပါး ရေစောင့်ကြသည်။ ည ၈ နာရီကျော်၊ ၉ နာရီထိုးခါနီးမှ တစ်စက်တစ်စက် တမျှဉ်းတမျှဉ်းကျသော ရေဘုံပိုင်တွင် ပုံးသံ၊ ခွက်သံ၊ လုသံ၊ ယက်သံ၊ အော်သံ၊ ဟစ်သံ၊ ငြင်းခုံသံများဆူညံစွာဖြင့် ရေလုစစ်ပွဲကြီး ဆင်ကြတော့၏။

မေးစက်အနားယူရန် ပြင်ဆင်နေသော ကျွန်တော်တို့၏ အိပ်ချင်စိတ်ကလေးများသည်လည်း ကြက်ပျောက်ငှက်ပျောက် ထွက်ပြေးကြတော့သည်။ ရေဘုံပိုင်မှာ ကျွန်တော်တို့ ခေါင်းရင်းတည့်တည့်တွင် ရှိ

mgyoe.com

mgyoe.com


သောကြောင့် သူတို့၏ အသံဗလံများသည်လည်း ကျွန်တော်တို့ တိုက်ခန်းအတွင်းသို့ ခြောက်ဖက်သံကြား စတီရီယိုဖိုနစ်အသံများပမာ ကြည်လင်ပီသပြည်လှစွာ ဝင်လာတော့၏။

အောက်ဆုံးထပ်မှ အငြိမ်းစားအတွင်းဝန်ကလေး ဦးပုသည် ဒေါ်ကြီး မောကြီးနှင့် အိပ်ရာမှထကာ ဆေးတံကို ဖွာတော့သည်။ ပထမထပ်မှ လက်ဖက်ခြောက်ကုန်သည် ဦးညွန့်သည်လည်း သူ့ဇနီး ရွှေမြကို အကြောင်းမဲ့အော်တော့သည်။ ဒုတိယထပ်မှ ထိပ်ကပ်ရောဂါဝေဒနာရှင် ကိုဖေသန်းသည်လည်း သူ့ဇနီး သီသီထံမှ အိပ်ဆေးနှစ်ပြားတောင်းကာ မျိုချလိုက်ရသည်။ အပေါ်ဆုံးထပ်မှ မောင်သော်ကသည်လည်း ရမ်ပုလင်းထဲမှ လက်ကျန်ကလေးကိုရှင်းကာ ခေါင်းမြီးခြုံလျက် အိပ်ရန်ကြိုးစားရတော့သည်။

တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ်၊ လေးနှစ်ကျော် ငါးနှစ်တွင်း ညတိုင်း ဤနယ်သာဖြစ်ခဲ့၏။

ရေဘုံပိုင်တွင် ငြင်းကြ ခုံကြ ရေလုကြသေးရုံသာမဟုတ်။ တစ်ခါတစ်ရံတွင် ရေလုရင်းမှ ဒေါသပေါက်ကွဲကြကာ အကြမ်းအရမ်း ဖိုက်တင်ချကြသည့် ရန်ပွဲကလေးများလည်း အသည်းတဖိုဖို ရင်တလှပ်လှပ်ကြည့်ရပေသေးသည်။ မိန်းမသားချင်း ရေလုရင်းမှ ဆံပင်ဆွဲ၊ ဖိနပ်ရိုက်၊ ကုန်းကိုက်၊ ဘော်လီပြဲ၊ ထဘီကွဲ ကျွတ်ကျသည့် ဟာသဆန်ဆန် ရှုကွက်များကိုလည်း မြင်ကြရသေးသည်။ ဂန္ဓာလရာဇ် ပြည်သား အိရှောင်ဝါးနှင့် မဈို့မပြည်သူ ခတီဘူတို့ သဘောချင်းကွဲလွဲကာ 'ကန့်နီနောင်'၊ 'စူဝက်' နှုတ်ခွန်းဆက် ဆဲရေးကြသည်တွင် ဘာသာပြန်ပေးမည့်သူ မရှိခြင်းအတွက် ကျွန်တော့်မှာ ကောင်းကွက်ကလေး လွတ်သွားခဲ့ဖူးသည်။

မည်းမှောင်သော တိမ်တိုက်သည်ပင်လျှင် ဘော်ငွေအနားစွန်းကလေး ရှိတတ်ပေသေးသည်။ ရေဘုံပိုင်တွင် ညဥ့်နက်သန်းခေါင်အထိ

mgyoe.com

mgyoe.com



အပျိုကလေးများ ရေလာစောင့်ကြသည်။ လူပျိုကလေးများ ရေလာဆွဲကြသည်။ မီးတိုင်မှ ဖြာဝေကျရောက်သော အလင်းရောင်ကလည်း မှုန်ရီမှုန်မွှား၊ အနီးအပါးတွင်ရှိသော ဘွိုင်လာအိုးဟောင်းကြီးတစ်လုံး၏ အရိပ်ကလည်း မှောင်နှင့်မည်းမည်း၊ ကဲ... ဘာများလိုသေးသနည်း။ လင်းနို့၊ ဇီးကွက်၊ ခင်ပုပ်ငှက် စသော ညဥ့်သတ္တဝါတို့သည် အမှောင်ကို ကြိုက်၏။ အမှောင်၌ ပျော်မွေ့၏။ ထိုနည်းတူစွာ ချစ်သူ သမီးရည်းစားတို့သည်လည်း အမှောင်ကိုကြိုက်၍ အမှောင်၌ ပျော်မွေ့ကြ၏။

ဤအခြေ၊ ဤအခင်းတွင်မှ ကောင်လေး၊ ကောင်မလေးတွေ မကြိုက်မိကြပါဆိုလျှင် ကောင်လေးတွေ ညံ့လွန်း၍လျှင်လည်း ဖြစ်မည်။ ကောင်မလေးတွေ နန့်လွန်းသည်မှာ နည်း၍လျှင်လည်း ဖြစ်မည်။ ကျွန်တော်သိသမျှမှု ကောင်လေးတွေလည်း မညံ့ကြ၊ ကောင်မလေးတွေလည်း အတန်နန့်ကြသည်။ ရေဘုံပိုင်သရဲမကလေးကမူ သူတို့အားလုံးတွင် သရဖူဆောင်းသူတစ်ဦးပေတည်း။

ရေဘုံပိုင်သရဲမကလေးကို ကျွန်တော်သည် တစ်ခါမျှ သေချာစွာ မမြင်ခဲ့ဖူးပေ။ သူ့ရုပ်ရည်ကို ကျွန်တော် မသိသော်လည်း သူ့အသံကို ကောင်းစွာကျက်မိနေပြီဖြစ်၏။ ရေဘုံပိုင်သို့ သူ ရောက်လာပြီဆိုလျှင်ပင် ကျွန်တော် ချက်ချင်းသိရသည်။ သူ့အသံမှာ အခြားမိန်းကလေးများ အသံနှင့် လုံးဝမတူ၊ သေးငယ်သည်၊ စူးဝါးသည်။ နှုတ်လှန်ထိုးရာ၌လည်း စက်သေနတ်ပစ်သလို ဆက်တိုက်ထွက်သည်။ ရယ်မောရာ၌လည်း တခစ်ခစ် တဟိဟိမဟုတ်၊ ခြောက်ထပ်ရုံးကြီး လှေကားတစ်လျှောက် ကြေးလင်းကွင်းကြီး လိမ့်ကျသွားသည့်ပမာ အဆုံးအထိ တစ်သံတည်း၊ တစ်ပြေးတည်း ညီညာစွာ ဆက်တိုက်ရယ်မောလေ့ရှိသည်။ ထို့ကြောင့် ရေဘုံပိုင်သရဲမကလေးကို ကျွန်တော်က အသံအားဖြင့် များစွာရင်းနှီးသိရှိနေပြီးဖြစ်၏။

mgyoe.com

mgyoe.com


လေးနွေ ပြောင်း၍ လေးဆောင်း ကုန်ခဲ့ပြီဖြစ်သော်လည်း ရေဘုံပိုင်သရဲမကလေးသည် ညစဉ်ညတိုင်း ခြောက်လှန့်ဆဲပင်ဖြစ်၏။ ပူအိုက်သော နွေရာသီ၏ အိပ်မပျော်သောညများတွင်ဆိုလျှင် သရဲမကလေးပိုမိုသောင်းကျန်းသေးသည်။ ထိုရောအခါတွင် သောင်းကျန်းလှသောသရဲမကလေးနှင့် အပေါင်းပါ ရေဘုံပိုင်သရဲတစ်စုအား နှိမ်နင်းရန်ကျွန်တော့်အား တာဝန်ပေးကြတော့သည်။

"ဆရာကြီး... ကြည့်လည်း လုပ်ပေးပါဦး"

အောက်ဆုံးထပ်နေ အန်ကယ်ဦးပုက သူ့ဇနီးညှပ်ပေးသည့်ဘိုကေအသစ်ကျပ်ချွတ်ကို ကြော့နေအောင်ဖြီးရင်း ကျွန်တော့်အားစကားဆိုသည်။

"ဘာလုပ်ပေးရမှာလဲ အန်ကယ်"

ဦးပုသည် ဘုံပိုင်ဆီသို့ မေးငေါ့ပြရင်း...

"တကတဲဗျာ... တစ်ညမှ ကောင်းကောင်းအိပ်ရတယ်ကို မရှိဘူး။ အန်ကယ်တော့ ထချည်းထိုင်နေရတာပဲ။ ဗိုလ်ကြီးတို့များ ဘယ်လိုအိပ်နိုင်သလဲမသိဘူး" ဟု ခေါင်းတယမ်းယမ်းနှင့်ပြောသည်။

"ကျွန်တော်လည်း မအိပ်ရပါဘူး အန်ကယ်၊ သံပုံးသံတွေကလည်း ဆူညံနေတာပဲ"

"ဟာ... သံပုံးသံဘာဟုတ်မလဲ၊ ဆဲလိုက် ရန်ဖြစ်လိုက်ကြတာလည်း မကြားဝံ့ မနာသာတွေချည်းပဲ။ အဲဒါ ဗိုလ်ကြီးတို့မှ မတတ်နိုင်ရင်တော့ ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူး"

"ဟဲ... ဟဲ... ဟဲ"

ကျွန်တော့်မှာ မချိသွားဖြဲ ရယ်နေလိုက်ရသည်။ ရပ်ကွက်ထဲနေရသည်မှာ ဗိုလ်ချုပ်ကြီးအစိုးရလက်ထက်ဆိုလျှင် ထစ်ခနဲရှိ စစ်ဗိုလ်လိုက်ရှာကြသည်။ ဖမ်းစရာ ဆီးစရာရှိလျှင်လည်း စစ်ဗိုလ်၊ အစိုးရဌာန

mgyoe.com

mgyoe.com


အသီးသီးနှင့် ဘီအီးဒီစီတို့တွင် အလုပ်လိုချင်လျှင်လည်း စစ်ဗိုလ်၊ သူတို့ တစ်တွေမှာ နိုင်ငံရေးအစိုးရများလက်ထက်က နိုင်ငံရေးသမားများကို အားကိုးအားပြုရသည့်နည်းတူ စစ်ဗိုလ်များကိုလည်း အားကိုးချင်စိတ်များ ရှိကြသည်။ ကျွန်တော်တို့ကလည်း ကိုယ်နှင့် တိုက်ရိုက်မဆိုင်သည်များကို ဝင်ရောက်စွက်ဖက်သည့်ပမာ မဖြစ်စေရန် အထူးဆင်ခြင်နေရသည်ကိုပင် သူတို့က အားမလို အားမရ ဖြစ်ကြ၏။

"ဒါကတော့ ဒီလိုရှိတယ်အန်ကယ်၊ ကျွန်တော်လည်း အန်ကယ်နားမခံသာသလို မခံသာပါဘူး။ ဒါပေမဲ့ ဒီရေဘုံပိုင်ဟာ သူတို့ တန်းလျားနေသူတွေအတွက် တစ်ခုတည်းသော ရေဘုံပိုင်ပဲ။ သူတို့ ညလုံးပေါက်နီးပါး ရေစောင့်ခပ်ရတယ်ဆိုတာ ပျော်လို့ခပ်နေကြတာမှ မဟုတ်ဘဲ။ သူတို့လည်း အိပ်ရေးပျက်ခံပြီး ချက်ပြုတ်ဖို့ သောက်ဖို့ရေကလေးစောင့်ကြရှာတာ။ အပျော်လုပ်နေကြတယ်ဆိုရင်တော့ ရပ်ခိုင်းဖို့ သင့်တာပေါ့။ သူတို့အသက်ရှင်နေရေးအတွက် လုပ်နေကြတာဆိုတော့လည်း ပိတ်ပင်ရမှာ ခက်သားပဲ အန်ကယ်။ အဲ... အဆမတန် ဆူညံကြတာကိုတော့ မေတ္တာရပ်ခံရုံအပြင် ကျွန်တော် ဘာမှမတတ်နိုင်ဘူး"

ဦးပုသည် မတတ်နိုင်၍ လက်မှိုင်ချရသည်ဟူသော အကြည့်မျိုးဖြင့် တစက်စက်ကျနေသော ရေဘုံပိုင်ကိုသာ အငြိုးကြီးစွာ ကြည့်နေသည်။ ကျွန်တော်ကလည်း သူ့အနားမှခွာကာ အိမ်ပေါ်တက်လာခဲ့ရသည်။ သူ့အတွက် မည်သို့မျှ ဆောင်ရွက်မပေးနိုင်ခြင်းကိုပင် ကျွန်တော့်မှာ များစွာ စိတ်မကောင်းဖြစ်ရတော့သည်။

တစ်ညတွင် ရေဘုံပိုင်သရဲမကလေး အရမ်းသောင်းကျန်းတော့သည်။ သူ့အပေါင်းပါများကလည်း သူ့ကို ဝိုင်းစနေကြရာ သူတို့အုပ်စု၏ ရယ်မောသံများမှာ ဘဝင်သို့တိုင် ရိုက်တော့၏။

ကျွန်တော့်ဇနီးသည် ဝရန်တာတွင်ရပ်လျက် သူတို့အုပ်စုအား

mgyoe.com

mgyoe.com


ကြည့်နေသည်။ ထိုစဉ်တွင် အောက်ဘက်ရေဘုံပိုင်၌ သောင်းကျန်းနေသော သရဲမကလေးသည် ကျွန်တော့်ဇနီးကို မြင်သွားဟန်တူလျက် "မမ ဆက်ဆက်လာနော်" ဟု လှမ်းအော်သည်။

"အေး...အေး လာခဲ့မယ်"

ကျွန်တော့်ဇနီးကလည်း အလိုက်သင့်ပြောလိုက်၏။

"ဟော့... ခုနက မင်းနဲ့ လှမ်းစကားပြောနေတာ ရေဘုံပိုင်သရဲမကလေးလား"

ကျွန်တော်က အိမ်ခန်းတွင်း စာထိုင်ဖတ်နေရာမှ သူတို့စကားကို ကြားလိုက်မိသောကြောင့် လှမ်းမေးလိုက်သည်။

"ဟုတ်တယ်"

ကျွန်တော့်ဇနီးမှာ စကားကို ခပ်ပြတ်ပြတ်ပြောတတ်ရာ သူ့စကားလုံးနှစ်လုံးသည်ပင် နှစ်ဆင့်ကွဲ မော်တာသံလို ထွက်လာလေ့ရှိသည်။

"လာခဲ့ပါဆိုတာ ဘယ်ကိုခေါ်တာလဲကွ"

"သူ့မင်္ဂလာဆောင်ကို"

"ဟေ"

ရေဘုံပိုင်သရဲမကလေး မင်္ဂလာဆောင်တော့မည်ဆိုသောအသံသည် ကျွန်တော့်ကိုယ်ကိုပင်လျှင် မယုံနိုင်အောင်ဝင်လာသည်။ အင်း... သူလည်းလေ လောကီသားပေမို့ဟု သဘောပေါက်မိသည်။ ဘွိုင်လာအိုးဟောင်းကြီး၏ မှောင်ရိပ်အခိုတွင် ပေါက်ဖွားလာသော အချစ်ဓာတ်လမ်းကလေးပေလောဟု တွေးမိသည်။ ထို့ကြောင့်ပင်...

"ဘယ်က ကောင်ကလေးနဲ့တဲ့လဲကွ"

"ဈေးထဲက သရက်ချဉ်ရောင်းတဲ့ အဘွားကြီးသိတယ် မဟုတ်လား"

"မသိဘူး"

mgyoe.com

mgyoe.com



ကျွန်တော်က ချိုသာစွာ မသိကြောင်း ဝန်ခံလိုက်သည်ကိုပင် ကျွန်တော့်မိန်းမက ဒေါပွဟန်ဖြင့်...

"ဘာလုပ် ရှင်မသိရမလဲ၊ ဒီရောက်မှ သရက်ချဉ်စားနေတာပဲ သေတော့မယ်" ဟု ဒေါပါပါဆိုတော့သည်။

"သရက်ချဉ်စားတာနဲ့ ရောင်းတဲ့လူကို သိရမှာလားကွ၊ ခက်ပါပြီ"

"ခက်မနေပါနဲ့၊ ဟိုတလောက ရှင်နဲ့ အောက်မှာ ရပ်နေတုန်း ကတောင် ဘော်လီအင်္ကျီ ကြိုးသေးသေးလေး တပ်ဝတ်ပြီး အနားဖြတ်သွားတဲ့ အဘွားကြီးလေ"

"မင်းနဲ့ငါ အောက်မှာရပ်နေတာ အခါပေါင်း ၁,၀၀၀ ကျော် မကဘူး။ အနားဖြတ်သွားတဲ့ မိန်းမပေါင်းကလည်း ၁၀,၀၀၀ ကျော် ရှိမယ်။ ဒီဟာက ဘော်လီအင်္ကျီကြိုးသေးသေးနဲ့ အဘွားကြီး ပါချင် လည်းပါမယ်၊ မပါချင်လည်း မပါဘူး။ ငါ ဘယ့်နှယ် မှတ်မိနိုင်မလဲ"

ကျွန်တော်သည် ဤမျှလျှောက်လဲသည်ကိုပင် မကျေနပ်နိုင်သော ဇနီးက...

"ဟင်း... ရှင်တို့သိချင်တဲ့ဟာများတော့ တယ်သိတယ်" ဟု ဆက်လက်ရေရွတ်နေပြန်သည်။

"ကဲ... တော်ပါကွာ၊ ဆိုစမ်းပါဦး၊ အဲဒီအဘွားကြီးရဲ့ သားနဲ့ လား"

"မဟုတ်ဘူး၊ အဲဒီအဘွားကြီးရဲ့မောင်၊ ဟိုခြေထောက်တစ်ဖက် ထော့နင်းထော့နင်းနဲ့လူ သိတယ်မဟုတ်လား"

ရော... ခက်ပါချေပြီ၊ ကျွန်တော့်မှာ ဟစ်လို့သာ ငိုလိုက်ချင်တော့ သောကြောင့်...

"ကဲ... ကဲ... ထားပါတော့ အဲဒီလူနဲ့လား" ဟု စကားပြတ်စေရန် ပြောလိုက်သည်။ ကျွန်တော့်ဇနီးက ဆေးလိပ်ကို မီးသားညီအောင် ညှိ

mgyoe.com

mgyoe.com



လိုက်ပြီးမှ...

"အဲဒီလူနဲ့ တွဲတွဲနေတဲ့ ဘောင်းဘီရှည်နဲ့ကောင်ကလေး" ဟု နိဂုံးချုပ်လိုက်သည်။ ကျွန်တော့်ကိုလည်း ဤမျှ အရန်၊ နရန်ကောဟူသော အကြည့်မျိုးဖြင့် မျက်စောင်းခဲနေသေးပေသည်။

"မင်္ဂလာဆောင်က ဘယ်တော့တဲ့လဲ"

"မနက်ဖြန်ခါ မနက်"

"ဟေ..."

မနက်ဖြန်နံနက်တွင် မင်္ဂလာဆောင်မည့် သတို့သမီးလောင်းမှာ မင်္ဂလာအကြိုညတွင် ၁၀ နာရီကျော်သည့်တိုင် ရေဘုံပိုင်၌ ရေစောင့်ခပ်နေရသောအဖြစ်ကို ကျွန်တော် တွေးမိသည်။ ယနေ့ည၏အတွေးသည် သတို့သမီး၏ မင်္ဂလာညသို့ ဆက်လက်ကူးပြောင်းသွားသည်။ မင်္ဂလာည၏အတွေးသည်လည်း သတို့သား၊ သတို့သမီးတို့၏ ပျားရည်ဆမ်းသော လပြည့်ဝန်းရက်များသို့တိုင် အတွေးနယ်ချဲ့မိသည်။

ကြီးသည်၊ ငယ်သည်၊ ဆင်းရဲသည်၊ ချမ်းသာသည်မဟုတ်။ သတို့သမီးသည် သတို့သမီး၏ပျော်ရွှင်မှုကို အပြည့်အဝရထိုက်သည်သာဖြစ်သည်။

"ကွာ... မနက်ဖြန် မင်္ဂလာဆောင်မယ့် သတို့သမီးကလည်း ခုထိ ရေခပ်တုန်းပဲလားကွ"

ကျွန်တော့်ဇနီးက ကျွန်တော့်အား "တော့်အပူလား" ဟူသော အကြည့်မျိုးဖြင့် မျက်စောင်းခဲကြည့်ပြီး "သူတို့အိမ်မှာ သူမှမခပ်ရင် ဘယ်သူမှမရှိတဲ့ဥစ္စာ" ဟု ဆိုလိုက်၏။ ကျွန်တော်က ရေဘုံပိုင်သရဲမကလေး၏ ထုတိသြဘာမင်္ဂလာနှင့် ပြည့်စုံအပ်သော ကောင်းကြီးခုသည့်ချိန်ခါ၏ မင်္ဂလာရက်များကိုတွေးရင်း လျော်ကန်သော အကြံတစ်ခုရလာတော့သည်။

mgyoe.com

mgyoe.com



"ဟော့... မင်း ဘာလက်ဖွဲ့မလို့လဲ"

"ငွေ ၁၀ လောက်တော့ လက်ဖွဲ့ရမှာပေါ့"

ကလေးများကို ယပ်ခတ်ပေးရင်း သူကပြောသည်။

"နေပေစေကွာ၊ မင်း မင်္ဂလာဆောင်ကိုသာသွား၊ လက်ဖွဲ့ကို ငါ ကြည့်စီစဉ်လိုက်မယ်"

"အို... မင်္ဂလာဆောင်ကို ဒီတိုင်း လက်လွတ်ခြေလွတ်ကြီး သွားရမှာလားတော့"

"လက်လွတ် ခြေလွတ် သွားရမယ် ငါမပြောပါဘူး။ လက်ဖွဲ့ကို ပို့လိုက်မယ်လို့သာ ပြောထား"

ကျွန်တော့်ဇနီးမှာ များစွာမကျေမနပ် ဖြစ်သည့်အသွင်ဖြင့် "သိပ် ရှုပ်တာပဲတော်၊ နောက် တော့်ဘာသာတော်ပဲလက်ဖွဲ့၊ ကျုပ်ကို ဘာမှ မခိုင်းနဲ့"ဟု မကျေနပ်ကြောင်း ဆန္ဒပြ အသံပြုလျက် အိပ်ခန်းတွင်းသို့ ဝင်သွားတော့သည်။ နောက်တစ်နေ့နံနက်လင်းသည်နှင့် အိမ်အောက် ဆင်းကာ ကျွန်တော် တွေ့လိုသူကို အပြင်းအထန် ရှာရသည်။ ကျွန်တော် တွေ့လိုသူကို နောက်ဖေးတန်းလျားတစ်နေရာ၌ တွေ့ရသည်။

"ဒီမယ်အဘိုးကြီး၊ ရေတစ်ထမ်း ဘယ်လောက်ယူသလဲ"

"အပေါ်ထပ် တက်လောင်းရမှာလား"

ရေထမ်းသမားတို့မှာ အပေါ်ထပ်တက်လေ ရေဈေးတက်လေ ဖြစ်၏။ သုံးထပ်ဆိုလျှင် ခြေဖဝါးဦးတိုက်လျှောက်ထားခေါ်မှ လိုက်ပါကြသည်။

"မဟုတ်ပါဘူး၊ အောက်မှာပါပဲ"

"တစ်ထမ်းတစ်မတ်၊ တစ်ကျပ် ငါးထမ်း"

"ကဲ... ကောင်းပြီဗျာ၊ ခင်ဗျား ဟောဟိုတဲတန်းက ဘူးစင်လေးနဲ့ အိမ် သိတယ်မဟုတ်လား"

mgyoe.com

mgyoe.com


"ဒီကနေ့ မင်္ဂလာဆောင် ကနားဖျင်း ထိုးထားတဲ့အိမ် ပြောတာလား"

"ဟုတ်ပြီ… ဟုတ်ပြီ၊ အဲဒီအိမ်မှာ ရေသွားလောင်းဗျာ။ ရော့… ဟောဒီမှာ ငွေ ၁၀။ တစ်ညကို ခုနစ်ထမ်း ခုနစ်ရက်ဆက်လောင်း၊ ဟုတ်လား"

"ကောင်းပါပြီဆရာ၊ ဘယ်သူလောင်းခိုင်းတယ် ပြောရမှာလဲ"

ကျွန်တော်က ကျွန်တော့်ဇနီး၏အမည်ကို ပြောလိုက်၏။ ရေထမ်းသမားသည် ကျေနပ်စွာဖြင့် ငွေ ၁၀ ကို ခါးပိုက်ကြားလိမ်ကာ ထွက်သွားသည်။ ကျွန်တော်လည်း မိမိပြုအပ်သောအလှူကို ကျေနပ်စွာ ပီတိဖြာလျက် အိမ်ဘက်သို့ ပြန်လာခဲ့သည်။ ရေဘုံပိုင် သရဲမကလေးတို့ တန်းလျားအိမ်မှာမူ မင်္ဂလာကိစ္စအတွက် ပြင်ဆင်သူများဖြင့် လှုပ်လှုပ်ရွရွဖြစ်နေပေပြီ။

ထိုနေ့တွင် မင်္ဂလာဆောင်မှာ အောင်မြင်စွာ ကျင်းပဆင်ယင်ဖြစ်သွားသည်။ ကျွန်တော့်ဇနီး မင်္ဂလာဆောင်အိမ်မှ ပြန်လာသောအခါ ပြုံးရွှင်စွာဖြင့်…

"ကောင်မလေးက ဖြီးလိမ်းပြင်ဆင်ထားတော့ အလှသားပဲ မမရယ်၊ ကျေးဇူးတင်ပါတယ်တဲ့။ ရှင် ဘာလက်ဖွဲ့ ဝယ်ပို့လိုက်သလဲ"

ကျွန်တော်က လက်ဖွဲ့ပုံကို ပြောပြလိုက်ရာ ဇနီးဖြစ်သူက ပြုံးစေ့စေ့ဖြင့် "ကြံကြံဖန်ဖန်တော်" ဟု ထောမနာပြုလိုက်သည်။

ထိုညတွင် ပြည်တော်သစ်ရိပ်သာရှိ ဝေနေယျာတို့ ရေဘုံပိုင် သရဲမလေး၏ရန်မှ နားအေးချမ်းသာစွာ အိပ်စက်ခြင်းအမှု ပြုကြရသည်။ နောင်ခုနစ်ညတိုင်အောင်လည်း စိတ်ချမ်းသာစွာ မှေးစက်ကြရသည်။

ကျွန်တော် ပြုအပ်သောအလှူကြောင့် ရေဘုံပိုင် သရဲမကလေးတို့ ဇနီးမောင်နှံသည်လည်း အေးငြိမ်းသာယာသော မင်္ဂလာဦးညများ ရရှိ

mgyoe.com

mgyoe.com


ကြပါစေဟုသာ ထပ်လောင်း ဆုတောင်းလိုက်ရပေသတည်း။
ကြားကြားသမျှ အမျှ ယူတော်မူကြပါခင်ဗျာ။ ။

မြဝတီ၊ ဩဂုတ်၊ ၁၉၆၂

❑

mgyoe.com

mgyoe.com

# ပုလဲငုပ်သမား ဘသက်

မိခင်ဖြစ်သူက ကုန်းမြေပေါ်တွင် မွေးဖွားခဲ့၍သာ မြေကြီး၏ သား ခေါ်ရသည်။ အသက်မွေးဝမ်းကျောင်းမှုအနေနှင့်ကား ကျွန်တော့်မှာ ပင်လယ်ရေပြာတွင်သာ ပျော်မွေ့တတ်သူဖြစ်သည့်အလျောက် ပင်လယ်၏ သားဟု ခေါ်ဆိုအပ်သော ပင်လယ်သား ဖြစ်ခဲ့ရသည်။

စိမ်းလန်းစိုပြည်သော ကုန်းမြေထက်တွင် နေထိုင်ရခြင်းထက် ပြာလဲ့သော ပင်လယ်ရေထက် ဖြူဖွေးဖောင်းအိသော ရွက်ကိုဖွင့်ကာ ကျွန်းကြို ကျွန်းကြား ပင်လယ်အော် အငူကွေ့များသာ ကျွန်တော်၏ ဘူမိနက်သန် နေရာမှန်များဟုထင်သည်။ ဘေးအန္တရာယ် ထူပြောသည်မှန်၏။ သို့သော် ထိုဘေးအန္တရာယ်များနှင့် ပွတ်ကာသီကာ ဒွန်တွဲနေရခြင်းက ကျွန်တော့်ဘဝကို ထက်သန်စေသည်။ ရွှင်လန်းပြည့်ဝစေသည်။ ထို့ပြင် ကျွန်တော့်ဘဝမှာ သာမန်ပင်လယ်သားတို့ထက် ဘေးအန္တရာယ်ကြီးမား သက်စွန့်ဆံဖျား လုပ်ကိုင်ပါမှ ထမင်းစားနိုင်သော ပင်လယ်ရေအောက် ပုလဲငုပ်သည့် ရေငုပ်သမားတစ်ဦး ဖြစ်ပြန်သေးတော့သည်။

mgyoe.com

mgyoe.com


မွေးဇာတိ ရပ်ဌာနေကို မဆိုထား၊ တိုင်းမြန်ပြည်၏ ကမ်းခြေကို တစ်ခါတစ်ရံမှ ကျွန်တော် ခြေချခွင့်ရခဲ့သည်။ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းခြေတစ်ဝိုက်နှင့် မြိတ်ကျွန်းစုတို့သည်သာ အနီးစပ်ဆုံး မိခင်တိုင်းပြည်၏ ပထဝီထုအဖြစ် ကျွန်တော် လှည့်လည်သွားလာ နေထိုင်ခဲ့၏။ အများအားဖြင့်ကား မလက္ကာရေလက်ကြား၊ မလေး ကျွန်းဆွယ်၊ စူမတြားရေလက်ကြား၊ အင်ဒိုနီးရှားကျွန်းစု စသည့် ပင်လယ် ရေပြာထက်မှ မြကြောလွှာတစ်ဝိုက်တွင်သာ လူအမျိုးမျိုး၊ သဘောအစုံစုံ၊ ဘဝအဖုံဖုံ ကျင်လည်ကျက်စားခဲ့ရပေ၏။

ပင်လယ်ပျော် သင်္ဘောသား ရေငုပ်သမားဘဝနှင့် အပေါင်း အဖော် ပင်လယ်သားအစုံ အသက်မွေးမှုတစ်လျှောက် ယှဉ်တွဲလုပ်ကိုင် သောအခါ ကျွန်တော်တို့တစ်တွေမှာ တစ်ဦးနှင့်တစ်ဦး မျိုးခြားဘာသာ ကွဲဟူ၍ မမြင်နိုင်တော့ဘဲ သဘာဝမိခင် ပင်လယ်ပြင်ထက်၌ ဘေးအမျိုး မျိုးကို ပူးပေါင်းရင်ဆိုင်နေကြရသော ရဲဘော်ဘဝတူများဟု အသိဝင် လာတတ်ပေသည်။

များစွာသော ဘဝတူ ရဲဘော်များအတွက် ကြေးငွေဟူသည်မှာ လည်း မည်သို့ပင် သက်စွန့်ဆံဖျား ရှာဖွေရလင့်ကစား ကမ်းခြေရောက် သည်နှင့်တစ်ပြိုင်နက် အကောင်းဆုံးသော အရက်၊ ရုပ်ချော သဘော ကောင်းသော ကညာပျို စသည်တို့ကို ပေးစွမ်းနိုင်သည့် ဟိုတယ်များ၌ သောက်စား သုံးဖြုန်းပစ်လိုက်ခြင်းအားဖြင့်သာ ပျော်ပျော်ကြီး ဖြုန်းပစ် လိုက်တတ်ကြသည်။ သုံး၍ကုန်ပြန်လျှင် ရရာသင်္ဘောထက် ရရာအလုပ် ဖြင့် တစ်ချီထွက်ကြရပြန်သည်။

ပင်လယ်ရေနက်အောက်မှ အဖိုးအနဂ္ဃ မဖြတ်နိုင်အောင် တန်ဖိုး ရှိလှသော ပုလဲကို ငုပ်ယူခဲ့သည့်လက်သည် တစ်ခါတစ်ရံ ကုန်းမြေထက် ၌ တစ်ပြားတစ်ချပ်မျှ ကုန်းကောက်စရာမရှိအောင် ဘိုင်ကျတတ်သည်

mgyoe.com

mgyoe.com


လည်း ရှိသေးသည်။

ယခုအဖြစ်အပျက်ကို စတင်ဖြစ်ပျက်ချိန်၌ ကျွန်တော့်မှာ ဤအခြေမျိုးတွင် ရှိနေဆဲဖြစ်၏။ ကျွန်တော် နောက်ဆုံးလိုက်ပါခဲ့သော ဒတ်ချ်လူမျိုးတစ်ဦးပိုင် ပုလဲသင်္ဘော ဟီလ်ဒါမှာ စိလီဘီကျွန်းစုအနီး ကျောက်တန်းတစ်ခုနှင့် ဝင်တိုက်မိသည့်အတွက် ပျက်စီးနစ်မြုပ်သွားခဲ့ပေသည်။ ကျွန်တော်နှင့်တကွ သင်္ဘောသားအားလုံးမှာမူ အသက်မသေဘဲ အခြားသင်္ဘောတစ်စင်းက ကယ်တင်ခဲ့သဖြင့် ယခုအခါတွင် ချွတ်ခြုံကျလျက် ကွင်းစလင်းကျွန်းစုမှ တစ်ခုအပါအဝင်ဖြစ်သော သပ်စဒေးကျွန်းတွင် သောင်တင်နေခြင်းပင် ဖြစ်၏။

ထိုနေ့က ကျွန်တော်သည် တရုတ်တန်း အကွေး၏ စုတ်ချာသော ဟိုတယ်မှ အခန်းခ ဆက်ပေးရန်မရှိတော့သဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့် နေ့စဉ်အလုပ်မှာ ကမ်းခြေဆိပ်ကမ်းတစ်လျှောက် ဆိုက်ကပ်ထားသော သင်္ဘောကြီးငယ်များတွင် တစ်စင်းပြီးတစ်စင်း အလုပ်ရလိုရငြား လျှောက်မေးရန် ထွက်ရခြင်းဖြစ်၏။ ဆိပ်ကမ်းသို့ ဆင်းရန် စောသေးသည့်အလျောက် နောက်ဖေးလမ်းတစ်နေရာမှ ကစားဝိုင်းတစ်ခုတွင် ဝမ်းတွင်းက ဆာဆာနှင့် ရပ်ကြည့်နေမိသည်။

ကျွန်တော့်ပခုံးကို တစ်စုံတစ်ဦးက တို့လိုက်သည်အထင်ကြောင့် အမှတ်မဲ့လှည့်ကြည့်လိုက်ရာ 'ကီတီအိုရန်' ခေါ် ယခင်က သိကျွမ်းဖူးသူ မလေးလူမျိုးတစ်ဦးအား တွေ့ရသည်။ ကီတီအိုရန်မှာ မကြာမီကမှ ဂျကာတာမှ ပြန်လာကြောင်း သိရသည်။ သူသည် ဂျကာတာမှ အရချောင်သဖြင့် စက်လှေကလေးတစ်စင်း ဝယ်လာခဲ့ပြီးလျှင် လောလောဆယ်အားဖြင့် သပ်စဒေးကျွန်းတစ်ဝိုက် ပုလဲငုပ်နေကြောင်းလည်း သိရပေသည်။ ကီတီအိုရန်မှာ အသက် ၃၀ ကျော်၊ ၄၀ နီးပါးတစ်ဝိုက်တွင် ရှိမည်ဖြစ်သော်လည်း ကျန်းမာသန်စွမ်း၍ ရက်စက်ကြမ်းကြုတ်သော

mgyoe.com

mgyoe.com


မျက်နှာထားကို ဖုံးကွယ်ထားတတ်သူ မဟုတ်ချေ။ သူက သဒ္ဒါမကျသော အင်္ဂလိပ်စကားဖြင့်...

"ဟယ်လို... ဘသက်၊ မင်း အလုပ်လိုချင်တယ် ကြားတယ်"

"လောလောဆယ်တော့ အလုပ်ထက် မနက်စာ ထမင်းလိုနေတယ်ဗျာ။ ခင်ဗျား ထမင်းကျွေးရင်း အလုပ်အကြောင်း ပြောကြတာပေါ့"

ကီတီအိုရန်က ကျွန်တော့်အား ကုလားထမင်းဆိုင်တစ်ခုတွင် ထမင်းကျွေးရင်း သူ့အလုပ်အကြောင်းကို ပြောပြနေသည်။ သူသည် သပ်စဒေးကျွန်းမြောက်ဘက် တစ်နေရာ၌ မုတ်ကောင်များထူထပ်သော ကျောက်တန်းတစ်ခုကို တွေ့ထားကြောင်း၊ အလားအလာမှာ ကောင်းသော်လည်း ရေမှာ အတန်နက်သည့်ပြင် ရေငုပ်ကိရိယာကလည်း နှစ်စုံသာရှိသည်မို့ မတွင်ကျယ်လှကြောင်း၊ ကျွန်တော် လက်ခံပါက ကျွမ်းကျင်သော ရေငုပ်သမား ဖြစ်သည့်အလျောက် ပုံပိုင်းရေငုပ်သမားအဖြစ် လစာရရှိမည်ဟု ဆိုလာသည်။ ထမင်းနှစ်ပန်းကန် ချောသည့်အခါ အလုပ်လက်ခံပြီး ဖြစ်တော့သည်။

ကီတီအိုရန်က ကျွန်တော့် ရေငုပ်သမားလိုင်စင်ကိုကြည့်ကာ လိုင်စင်ရက် ကျော်နေသဖြင့် အသစ်လဲရန်အတွက် ကျသင့်ငွေနှင့် အသုံးစရိတ်အနည်းအကျဉ်းထုတ်ပေးပြီးနောက် ညနေပိုင်းတွင် သူ့သင်္ဘောသို့ ဆင်းခဲ့ရန် မှာထားခဲ့လေသည်။

ကျွန်တော်လည်း လိုင်စင်စာအုပ်ကို ကိုင်လျက် ရေဝန်ရုံးသို့ ထွက်လာခဲ့သည်။ ရေဝန်ရုံးအရာရှိက ကျွန်တော့်လိုင်စင်လိုအပ်ချက်များကို ဖြည့်စွက်ပေးရင်း ကီတီအိုရန်နှင့် အလုပ်လုပ်မည်ဖြစ်ကြောင်း သိရသောအခါ ကျွန်တော့်အား မော်ကြည့်ပြီးနောက်...

"နေပါဦး ဘသက်၊ မင်း ကီတီဆိုတဲ့ မလေးကောင်ကို သိတာ

mgyoe.com

mgyoe.com


ကြာပြီလား" ဟု မေးလေသည်။

"ကြာပါပြီ၊ သိပ်တော့ မရင်းနှီးလှပါဘူးဗျာ။ ခုဆိုရင် အလုပ်ရှင်နဲ့ အလုပ်သမားပေါ့။ ဘာဖြစ်လို့လဲဗျ"

"ဘာမှမဖြစ်ပါဘူး၊ အေးလေ... သတိထားလုပ်ပေါ့။ ဒီကောင်ဟာ ကုန်ခိုးထုတ်တဲ့ သင်္ဘောတွေနဲ့လည်း ပတ်သက်ဖူးတယ်။ မင်းက ဗမာလူမျိုးဆိုတော့ သူတို့ကြားထဲမှာ အဆင်ပြေပါ့မလားလို့ပါ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်အလုပ်ကို ကျွန်တော် သိပါတယ်"

"သူ့ နောက်ဆုံးငှားတဲ့ ရေငုပ်သမားတော့ ငါးမန်းစားသွားပါပကော။ မင်းအတွက်တော့ ပိုကံကောင်းပါစေကွာ... ရော့"

အရာရှိလုပ်သူက ခပ်ထေ့ထေ့ ပြုံးရယ်လျက် ကျွန်တော့်လိုင်စင်ကို ပြန်ပေးသည်။ ကျွန်တော်က ဆွဲယူကာ အတွင်းအိတ်၌ ထည့်လိုက်ပြီးမှ ဆိပ်ကမ်းဆီသို့ ဆင်းလာခဲ့တော့သည်။

*

ကီတီအိုရန်၏ စက်လှေကလေးအမည်မှာ 'ပက်တာ' ဖြစ်သည်။ ပုလဲငုပ်သင်္ဘောကလေးတို့ ထုံးစံအတိုင်း သင်္ဘောဦးမှ ပဲ့တစ်လျှောက်မှာ ရေငုပ်ကိရိယာများ၊ လေပိုက်များဖြင့် ပြည့်ကျပ်နေသောကြောင့် သင်္ဘောသားများအတွက် အိပ်ရန်နေရာကအစ ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်၏။ ပေ ၆၀ ခန့် အလျားရှိ၍ ပင်မရွက်တိုင်တစ်ခု၊ လင်းယဉ်တိုင်တစ်ခု တပ်ဆင်ထားသည်။ ဆိပ်ကမ်းအဝင်အထွက်များ၌ အသုံးပြုခုတ်မောင်းရန်အတွက် ဒီဇယ်စက်လည်း ပါရှိပေသေးသည်။

ကီတီအိုရန်က ကျွန်တော့်လိုင်စင်ကိုကြည့်ပြီးနောက် သင်္ဘောကုန်းပတ်ပေါ်တွင် သူ၏သင်္ဘောသားများနှင့် မိတ်ဆက်ပေးသည်။ မလေးလူမျိုး ငါးယောက်၊ အင်ဒိုနီးရှင်းလေးယောက်နှင့် တရုတ်တစ်

mgyoe.com

mgyoe.com


ယောက် ဖြစ်ပေသည်။ ဗမာလူမျိုးမှာ ကျွန်တော်တစ်ဦးသာတည်း။

နောက်တစ်နေ့တွင် သပ်စဒေးကျွန်းမှ ထွက်ခဲ့ကြသည်။ ပင်လယ်ပြင်၌ ငါးရက်ခရီးရသောအခါ ဒန်လေကျွန်းသည် မိုးကုပ်စက်ဝိုင်းထက်၌ ပေါ်လာတော့သည်။ နီရဲသော ဘောလုံးကြီးသဏ္ဍာန်နှင့် နေမင်းသည် ပင်လယ်ပြင်၌ ရေသောက်ဆင်းသည့်သဖွယ် အနောက်ဘက် မိုးကုပ်စက်ဝိုင်း၌ တည်နေသောအချိန်တွင် ပက်တာသင်္ဘောကလေးသည် ဒန်လေကျွန်း မနီးမဝေး လှိုင်းလေကွယ်ရာတစ်နေရာ၌ ကျောက်ချလိုက်ပြီဖြစ်တော့၏။ ကျွန်တော်တို့ ငုပ်ရမည့် ကျောက်တန်းမှာ ကျွန်းနှင့် ငါးမိုင်အကွာတွင် တည်ရှိပေသည်။

ရေငုပ်ရမည့်နေရာကို မှတ်သားရန်အတွက် ဖော့တစ်လုံးကို ဦးစွာပစ်ချလိုက်ပြီးနောက် ရွက်ချလိုက်တော့သည်။ ပက်တာသင်္ဘောကလေးသည် ရွက်အားမရှိတော့သောအခါ ကြက်တောင် ဖော့ကလေးသဖွယ် လှိုင်းအိများထက်၌ တရွေ့ရွေ့သာ စုန်ဆန်မျောပါနေတော့သည်။ ကျွန်တော်လည်း ရေငုပ်ရန်အတွက် ပဲ့ပိုင်းတွင် ကျွန်တော့် ကူဖော် ဂျကာရားခေါ် မလေးလူငယ်တစ်ဦးနှင့် အသင့်ရှိပြီးဖြစ်နေတော့သည်။

ရေငုပ်ကိရိယာဟုခေါ်သော်လည်း အလွန်ရေနက်သောဒေသများတွင် ငုပ်ရသည့် ကြက်ပေါင်ရေခံဝတ်စုံ၊ ခဲအလေးတပ်ဖိနပ်ကြီးများ ပါရှိသည်မဟုတ်ပေ။ မှန်ဝိုင်းအပေါက်ပါရှိသော သံဦးခေါင်းစွပ်နှင့် အသက်ရှူရန် သင်္ဘောကုန်းပတ်ထက်မှ လေပို့ဆောင်ပေးရသည့် လေပိုက်သာ ပါရှိပေသည်။ ဤဒေသတစ်ဝိုက် ပုလဲငုပ်ကြသော မလေး၊ ပသျှူး၊ အင်ဒိုနီးရှင်း စသည့်ကျွန်းသားများမှာ ဤသို့သော ရေငုပ်ကိရိယာမျိုးသာ ဈေးပေါပေါနှင့် ဝယ်ယူအသုံးပြုကြသူများ ဖြစ်ပေသည်။ တန်ရုံမျှသော ရေအနက်တွင်ဆိုမူ လေပိုက်နှင့် သံဦးခေါင်းစွပ်ကိုပင် မသုံးကြဘဲ မှန်ဝိုင်းဖြင့်ပင် ငုပ်နိုင်စွမ်းရှိကြ၏။

mgyoe.com

mgyoe.com


အသင့်ဖြစ်နေသော ကျွန်တော်သည် ဝဲဘက်တွင် မှတ်ကောင်းများထည့်ရန် ပိုက်အိတ်ငယ်ကို ကိုင်လျက် ယာဘက်လက်ဖြင့် ရေထဲချထားသော အရေးပေါ်ကြိုးခေါ် မနီလာကြိုးကို ကိုင်ကာ လျှောဆင်းလိုက်သည်။ အေးမြသော ပင်လယ်ရေသည် ကျွန်တော့်ခြေဖျားနှင့် ထိမိပြီး စက္ကန့်ပိုင်းအတွင်း၌ ကျွန်တော့်တစ်ကိုယ်လုံးမှာ ပင်လယ်ရေပြင်အောက် ရောက်သွားတော့သည်။

ကျွန်တော့်ကိုယ်ခန္ဓာသည် ရေထု၏ဖိနှိပ်မှုကြောင့် ဖြည်းလေးညင်သာစွာဖြင့် ဆင်းသက်သွားရာမှ ပင်လယ်အောက်မြေပြင်ကို ခြေထောက်မိတော့သည်။ သင်္ဘောကုန်းပတ်ထက်မှ အသက်ရှူပိုက်တစ်လျှောက် လေပို့ပေးနေသော စက်ကလေး၏ တဂျက်ဂျက်မြည်သံမှာ တဖြည်းဖြည်း ဝေးသွားသည်ဟု ထင်မှတ်လိုက်ရတော့၏။

ကျွန်တော် အောက်သို့ ချောမောစွာရောက်ရှိကြောင်း သင်္ဘောထက်မှ သိရန်အတွက် တစ်ချက်ဆောင့်ဆွဲလိုက်ပြီးနောက် ပင်လယ်ရေအောက်မြေပြင်ထက်တွင် မှတ်ကောင်ရှာရန် ထွက်ရတော့သည်။

ရေမှာ ကျွန်တော် ထင်သည်ထက်ပိုနက်ပေ၏။ ထိုအနက်၌ နေရောင်မှာ မှုန်မွှားမွှားထွန်းထားသည့် ပြာလဲ့သော မီးရောင်ကလေးပမာသာ အလင်းပေးစွမ်းနိုင်ပေသည်။

မြင်သမျှသဏ္ဍာန်များမှာ မြင်ရသည်လည်းမဟုတ်၊ မမြင်ရသည်လည်းမဟုတ်၊ မှုန်မွှားလှုပ်ရှား ယိမ်းထိုးနေသည့် အိပ်မက်တွင်းမှ သဏ္ဍာန်များကြားဝယ် ရောက်နေသည့်သဖွယ်သာ ဖြစ်သည်။ သို့သော် ထိုပသာဒကို တစ်ခါမျှမြင်ရလျှင် ပင်လယ်တွင်းသို့ အကြိမ်ကြိမ်ဆင်း၍ မျက်စိအာရုံခံစားလိုစိတ်များ မည်သူမရွေး ပေါ်ပေါက်တတ်ကြပေ၏။ သို့ကြောင့်လည်း ကျွန်တော်တို့မှာ ရေငုပ်သမားဘဝကို မစွန့်ခွာနိုင်ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com


ကျွန်တော့်ဘေးနားတစ်ဝိုက်တွင် ဆော်လမွန်ငါးအုပ်တစ်ခု ဖြတ်သန်းကူးသွား မြူးထူးပျော်ပါးနေကြသည်။ ရေအောက်ကုန်းမြေမှာ ကျောက်တန်း၊ လျှိုမြောင်၊ လိုဏ်ဂူများဖြင့် မွမ်းမံတန်ဆာဆင်ထားပြန်သည်။ ကျောက်တန်းထက်၌ ရေမှော်ပင်များမှာ ရှည်လျားစွာ ပေါက်ရောက်နေကြပြီး ရေစီးကြောင်းတွင် ယိမ်းကသည့်သဖွယ် တိမ်းလှုပ်ကစားနေပေ၏။ အရောင်အမျိုးမျိုး၊ ပုံပန်းသဏ္ဌာန်အမျိုးမျိုးရှိကြသော ငါး၊ လိပ်၊ ပုစွန် စသည့် ရေသတ္တဝါများမှာ ကျောက်စွန်း၊ ကျောက်ဆွယ်၊ ကျောက်တန်း၊ ရေမှော်၊ ချုံနွန်းများအကြား လူးလာဝင်ထွက်ကူးခပ်နေကြသည်။

ကီတီအိုရန်မှာ ကျွမ်းကျင်သော သဘော်သား ရေငုပ်သမား ဖြစ်ရုံသာမကသေး။ နေရာရွေးရာ၌လည်း အထူးတော်သူ ဆိုရပေမည်။ သူလိုချင်သော မုတ်ကောင်နှင့် ကမာများမှာ ဤတစ်ဝိုက်၌ အတန်များပြားစွာပင် လွယ်လင့်တကူ ကောက်ယူရရှိတော့သည်။

ကျွန်တော်သည် လျှိုကြားတစ်ခုတွင် ရေအောက်ရေစီးကြောင်းအတိုင်း လျှောက်သွားကာ မုတ်ကောင်များကောက်နေစဉ် ရှေ့ဘက်အတန်နီးကပ်စွာ၌ ရှည်လျားမြင့်မားသော ရေမှော်ပင်များ အစီအရီတွေ့မိသည်။ ဤရေမှော်ပင်များမှာ ကျောက်စွန်းများကို ဖုံးကွယ်နေတတ်ပြီး ရေငုပ်သမားတစ်ဦး၏ အသက်ဖြစ်သော လေပိုက်တွင် ငြိတွယ်မိလျှင် စိုးရိမ်ဖွယ်ကောင်းတတ်ပေသေးသည်။

ရေပြင်ထက်မှ ပက်တာသင်္ဘောကလေးသည် အတန်လျင်မြန်ရွေ့လျားနေဟန်တူသည်။ ကျွန်တော့်မှာ သင်္ဘောနောက်ဘက် ခပ်ဝေးဝေး ကျန်ရစ်ခဲ့သည်ဟု ကီတီအိုရန်က ရိပ်မိသောကြောင့် အရေးပေါ်ကြိုးကို တစ်ချက်ဆောင့်ဆွဲကာ သတိပေးနေပြန်သည်။

ကျွန်တော်လည်း ရှေ့ဘက်သို့တိုး၍လျှောက်ကာ အိတ်မြန်မြန်

mgyoe.com

mgyoe.com



ပြည့်စေရန် ဂရုစိုက်ကောက်ရတော့၏။ ဤသို့သော ရေအနက်တွင် ကျက်စားလေ့ရှိသည့် ငါးမန်းတို့ကိုလည်း ကြောက်ရပေသေးသည်။ ကျွန်တော့်ကြောက်စိတ်မှာ လာမည့်ဘေးကို ကြိုတင်သတိပေးမှုကဲ့သို့ ဖြစ်တော့သည်။

ဘေးပတ်ဝန်းကျင်တွင် ကူးလူးနေကြသော ငါးအုပ်နှင့် ငါးကလေးများမှာ ရုတ်ရုတ်သဲသဲဖြစ်လျက် အလျှိုအလျှို ပုန်းအောင်းပျောက်ကွယ်သွားကြတော့၏။ အနီးတစ်ဝိုက် ရေမှာလည်း စောစောကကဲ့သို့ ကြည်လင်ခြင်းမရှိတော့ဘဲ နောက်ကျိလာသည်။ မည်းမည်းသဏ္ဍာန်ကြီးတစ်ခုသည် ကျွန်တော့်ဦးခေါင်းထက်မှ ကျော်ဖြတ်သွားသည်အထင်ကြောင့် လှည့်ကြည့်လိုက်ရာ ရပ်တန့်တည်ငြိမ်လျက် ကျွန်တော့်အား စိုက်ကြည့်နေသော ဧရာမ ငါးမန်းကြီးတစ်ကောင်ကို တွေ့လိုက်ရတော့သည်။ ငါးမန်းကို ရှေ့ပိုင်းမှကြည့်ရသည်မှာ ထိပ်မာနေသော ရှုးဖိနပ်အစုတ်ကြီးနှင့် နှိုင်းရပေမည်။ သို့သော် မာနေသောထိပ်မှာ ငါးမန်း၏ ပါးစပ်ပေါက်ကြီးဖြစ်လျက် လွှသွားကဲ့သို့ ချွန်ထက်သည့် သွားများ အသည်းယားဖွယ် တွေ့ရ၏။ ငါးမန်းကြီးမှာ ပေါင်ချိန် ၉၀၀ ကျော်မျှရှိမည်ဟု ခန့်မှန်းရသည်။ ငါးမန်းသည် သူ၏ ရေအောက်ကမ္ဘာသို့ ကျူးကျော်ဝင်ရောက်လာသော ကျွန်တော့်အား အနှစ်နှစ်အလလက ရန်ငြိုးခဲ့သော ရန်သူသဖွယ် ကြည့်နေသည်။ သူ့အကြည့်မှာ စူးရှထက်မြက်လွန်းလှ၍ ကျွန်တော့်ရိုးတွင်းခြင်ဆီသို့ပင် ခိုက်သွားသည့်သဖွယ် တွေ့ကြုံခံစားလိုက်ရ၏။

ကျွန်တော်က နောက်သို့ တစ်လှမ်းချင်းဆုတ်ရင်း ကျောက်ဆွယ်တစ်ခုနောက်တွင် အကာအကွယ်ယူရန် ကြံလိုက်ရသည်။ ကျွန်တော့်တွင် ခုခံရန် လက်နက်ဟူ၍ မပါရှိချေ။ ကျွန်တော်သည် ကျောက်တန်းတစ်ခု၏ နောက်ကွယ်သို့ ဝင်ရောက်ပုန်းနေရန် စိတ်ကူးဖြင့် ခပ်မှန်မှန်

mgyoe.com

mgyoe.com



ဆုတ်လာခဲ့သည်။ လေပိုက်ကိုလည်း လျှော့ပေးရန် အရေးပေါ်ကြိုးဆွဲ၍ အချက်ပေးလိုက်ရသည်။ သို့သော် ကျွန်တော် ပုန်းကွယ်ရမည့် ကျောက်တန်းမှာ ရေအောက်မြေပြင်ထက်၌ မှိုပွင့်ကြီးသဖွယ် ထိပ်ပိုင်းကားနေသောကြောင့် အသက်ရှူလေပိုက်နှင့် ငြိစွန်းခဲ့လျှင်မူ ကြက်ပေါင်ပိုက်မှာ ချွန်ထက်သော ကျောက်ဆွယ်၌ ပြတ်သွားနိုင်ပေသည်။ ငါးမန်းသည် ကျွန်တော့်ရှေ့တူရူ၌ လှည့်ပတ်ကူးရင်း ကိုက်ရန် ချက်ကောင်းစောင့်နေပုံရ၏။

ရုတ်တရက် ကျွန်တော့်အသက်ရှူလေပိုက်မှာ နဖားကြိုး ဆောင့်ဆွဲလိုက်သလို ခံစားလိုက်ရသည်။ ကျွန်တော် စိုးရွံ့သည်အတိုင်း ဖြစ်ပေပြီ။ ရေပြင်ထက်မှ ရွေ့လျားမျောပါနေသော သင်္ဘောသည် လေပိုက်လိုင်းကို ကျွန်တော့်ဦးခေါင်းထက်မှ ကျောက်စွန်းနှင့် ငြိသွားစေပြီဖြစ်၏။

ကျွန်တော့်မှာ ကြက်သီးများထသွားလျက် အရေးပေါ်ကြိုးအား လေးချက် ဆောင့်ဆွဲလိုက်သည်။ လေးချက်၏အဓိပ္ပာယ်မှာ အန္တရာယ်ကျရောက်နေပြီဟု အသိပေးခြင်းပင် ဖြစ်၏။ သို့သော် ကျွန်တော့် အရေးပေါ်ကြိုးမှာလည်း လေပိုက်နှင့်အတူ ကျောက်တန်း၌ငြိနေပြီဖြစ်ခြင်းကြောင့် သင်္ဘောကုန်းပတ်ထက်သို့ မရောက်ချေ။

လေပိုက်လိုင်းမှာ တဖြည်းဖြည်းတင်းလာ၍ အသက်ရှူရသည်မှာ ကျပ်တည်းလာပေပြီ။ ထောင်းခနဲ လေပိုက်ပြတ်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့် ဇီဝိန်ချုပ်ရပေတော့မည်။ ငါးမန်းကြီးကလည်း ပို၍ အတင့်ရဲစွာ ကပ်လာနေသေး၏။ နောက်ဆုံးတွင် ကျွန်တော်တို့ ရေငုပ်သမားများ ကြောက်ရွံ့လှ၍ မည်သို့မျှ မတတ်နိုင်သည့်အခြေတွင်မှ ပြုလုပ်ရမည့် အလုပ်ကို ကျွန်တော်က လုပ်လိုက်ရတော့၏။

ကျွန်တော်သည် အသက်ကို ဝအောင် တစ်ချက်ရှူလိုက်ပြီးနောက် ကျွန်တော့်ဦးခေါင်းထက်မှ သံခေါင်းစွပ် တောင်လာနှင့် သားရေအကျီ

mgyoe.com

mgyoe.com


ကို ချွတ်ပစ်လိုက်တော့သည်။ ကျွန်တော့်ကိုယ်၌ အလေးချိန်မရှိတော့သည်နှင့်တစ်ပြိုင်နက် အရေးပေါ်ကြိုးကို ဆွဲ၍တက်လိုက်ရာ ကျွန်တော့်ကိုယ်ခန္ဓာမှာ တစ်ရှိန်ထိုးတက်သွားတော့သည်။ အောက်ပိုင်း၌ ကျန်ရစ်သော ငါးမန်းကြီးနှင့် ကျောက်ဆွယ်ကျောက်တန်းတို့ကို ရေးရေးမျှ မြင်လိုက်ရပြီး ပျောက်ကွယ်ကျန်ရစ်တော့၏။ ကျွန်တော့်အသိတရားများမှာ ဝိုးတိုးဝါးတားသာဖြစ်သွားလျက် ကျွန်တော့်ကိုယ်ခန္ဓာသည် ရေမျက်နှာပြင်ထက် ဘွားခနဲ ပေါ်လာတော့သည်။ ကျွန်တော့်အား သင်္ဘောထက်မှ ဆွဲတင်ကြသည်ကိုသာ နောက်ဆုံးသိလိုက်ရပြီး သတိမေ့လျော့သွားတော့သည်။

သတိရသောအချိန်တွင် ကျွန်တော့်မှာ ကုန်းပတ်ထက်၌ လဲကျနေလျက် ကျွန်တော့်ဦးခေါင်းမှာ ကြီးစွာသော တင်းပုတ်ကြီးနှင့် အထုခံရသည့်သဖွယ် လေးလံလျက်ရှိသည်။ လက်ကောက်ဝတ်၊ ဒူးဆစ်၊ တံတောင်ဆစ်၊ ခြေချင်းဝတ် စသည့်နေရာများကား အထိမခံနိုင်လောက်အောင် နာကျင်လှသည်။ အဆုတ်နေရာ၌ ကျောပြင်မှာ တစ်စုံတစ်ဦးက တင်းကျပ်စွာ ဖက်ထားသည့်အလား ခံစားနေရ၏။ နှာခေါင်း၊ နားရွက်နှင့် မျက်လုံး၊ နား စသည့် ဒွါရပေါက်များမှ သွေးစိမ်းရှင်ရှင် ယိုစီးထွက်နေ၏။

ကျွန်တော့်မှာ ရေငုပ်သမားများစွာတို့ ဓိဝိန်ကို ဖြုတ်ခြွေတတ်သော (Bend) ခေါ် သွေးကျိတ်ကွဲခြင်း ခံစားနေရသည်ဖြစ်၏။ ဖိနှိပ်မှုအင်အားချင်းမညီမျှသည့် ရေအနက်မှ ရေမျက်နှာပြင် လေထုတွင်းသို့ တစ်ရှိန်တည်း တက်လာခဲ့ခြင်းကြောင့် ကျွန်တော့်ကိုယ်ခန္ဓာအတွင်း၌ နိုက်ထရိုဂျင်ဝင်ကာ သွေးကျိတ်များ ပေါက်ကွဲခြင်းပင်ဖြစ်၏။

သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေသော ကျွန်တော့်နားတွင်း၌ ကီတီအိုရန်၏ တစ်စုံတစ်ရာ အမိန့်ပေးသံကို ကြားရသည်။ ထို့နောက်

mgyoe.com

mgyoe.com


ကျွန်တော်၏ ကူဖော်ကလေး ဂျကာရာက ကျွန်တော့်ဦးခေါင်းထက်၌ သံခေါင်းစွပ်တစ်ခု တပ်ဆင်ပေးနေသည်ကို သိရသည်။ သူတို့သည် ကျွန်တော့်အား ယခင်က ကျွန်တော် ငုပ်ခဲ့သော ရေအနက်သို့ ပြန်ချကာ ပြီးမှ တဖြည်းဖြည်း ရေမျက်နှာပြင်ထက် ဆွဲတင်ရန် ပြုလုပ်နေကြခြင်း ဖြစ်၏။ ခေတ်မီသင်္ဘောကြီးများ၌ကား (Iron Doctor) ခေါ် သံအိုးကြီးတွင်းသို့ လူမမာကိုသွင်းလိုက်ကာ လေထုဖိနှိပ်မှုအား တဖြည်းဖြည်း ချိန်ယူခြင်းအားဖြင့် ရေငုပ်သမား၏အသက်ကို ပြန်ဆက်ရပေသည်။ သို့သော် ပက်တာကဲ့သို့သော စက်လှေထက်၌ ဤသို့ကုသရန် မဖြစ်နိုင်ပေ။ သို့ကြောင့် သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသည့် သေမင်းခံတွင်းမှ လူမမာအား ယခင်က သူငုပ်ရာ ရေအနက်သို့ ပြန်ပို့ပြီးမှ တဖြည်းဖြည်း ဆွဲတင်ယူခြင်းသာလျှင် သက်သာရာရကြောင်းလမ်း ဖြစ်တော့သည်။

ပက်တာသင်္ဘောသည် ရှေ့ဘက်သို့ အနည်းငယ်ခုတ်မောင်းပြီး ကျောက်ချကာ စက်ရပ်လိုက်သည်။ ကျွန်တော့်အား သင်္ဘောသားများ တွဲထူကာ ကြိုးတစ်ချောင်းဖြင့် ချည်နှောင်ပြီးနောက် ပင်လယ်နက်တွင်းသို့ ပြန်ချလိုက်သည်။ ကျွန်တော့်ကိုယ်ခန္ဓာသည် ပေ ၇၀ ရေအနက်၌ အတန်ကြာသောအခါ ယခင်က ခံစားနေရသည့်ဝေဒနာများ လျော့ပါးသွားပြီးနောက် သတိများ ကြည်လင်လာသည်။ ကျွန်တော့်ဘေးပတ်လည်ကို ကြည့်လိုက်ရာ မည်းမည်းသဏ္ဌာန်တစ်ခု တွေ့ရသည်။ မည်းမည်းသဏ္ဌာန်မှာ ကျွန်တော့်ကူဖော် ဂျကာရာဖြစ်၍ သူသည် ကျွန်တော့်အား စောင့်ရှောက်ရန် လိုက်ပါလာခြင်းပင်ဖြစ်၏။ ဂျကာရာက မှန်ဝိုင်းနောက်မှ သူ့မျက်နှာကို ပြုံးပြလိုက်ပြီးနောက် သူ့ခါးတွင်ချိတ်ထားသည့် ဓားကြီးတစ်ချောင်းအား လက်ဖြင့်ပုတ်ပြနေသည်။ မည်သည့်ဘေးအန္တရာယ်မှ မကြောက်ရန် ဆိုလိုပေသည်။ ဂျကာရာက ကျွန်တော့်အား ဖေးကူလျက်

mgyoe.com

mgyoe.com



ပေ ၇၀ အနက်မှ တစ်ဆင့်ပြီးတစ်ဆင့် ရေမျက်နှာပြင်သို့ ပြန်တက်ခဲ့သည်။ သေလုဘနန်း နာကျင်စွာ ခံစားရမှုများ ပျောက်ကွယ်သွားသော်လည်း မလှုပ်မရှားချင်လောက်အောင် အင်အားက နည်းပါးနေပေသည်။ ပေ ၇၀ အနက်တွင် သုံးဆင့်နားပြီးမှ ရေပေါ်ရောက်ခဲ့တော့သည်။

ကျွန်တော့်အား ကုန်းပတ်ထက်တွင် အသင့်စောင့်နေသူများက ဆွဲတင်ကာ သံခေါင်းစွပ်နှင့် အင်္ကျီကိုဖြုတ်ပေးကြသည်။ နှစ်ရက်တိတိ အိပ်ရာမှ မထနိုင်တော့ပေ။ သုံးရက်ကြာမှ ထနိုင်သည်ဆိုသော်လည်း ကျွန်တော့်မှာ နာလန်ထစဖြစ်၍ အင်အားကုန်ခန်းချည့်နဲ့နေပေသည်။ ဂျကာရာသည် ကျွန်တော့်အပါးမှ နေ့ရောညပါ မခွာဘဲ ပြုစုပေ၏။

သုံးရက်ကြာမှ ကီတီအိုရန်သည် ကျွန်တော့်အိပ်ရာအနီး ရောက်လာသည်။ လူမမာမေးရန်ကားမဟုတ်။ ကျွန်တော့်အား ရေငုပ်ခိုင်းရန်၊ အလုပ်ဆင်းရန် စကားဆိုလာခြင်းပင်ဖြစ်၏။ ထိုအခါတွင်မှ အကြင်နာကင်းမဲ့သော ကီတီအိုရန်အား ရေငုပ်သမားများ မုန်းတီးမှုအကြောင်းရင်းကို သိရှိပေတော့သည်။

"သိပ်အချိန်ကုန်မခံနိုင်ဘူး ဘသက်၊ အချိန်နည်းနည်းနဲ့ မုတ်ကောင်များများရချင်တယ်ကွာ"

"ကျွန်တော် ကျန်းမာရေးမကောင်းသေးလို့ ပြောနေတာပါ ကီတီ။ ကျွန်တော့်အခြေကို ခင်ဗျားလည်း သိသားပဲဗျာ"

"ငါသိတာကတော့ ငါ့မှာ အလုပ်မတွင်ကျယ်ဘဲ လူမမာတစ်ယောက် ကျွေးထားရတဲ့အလုပ် ပိုတာကို သိတာပဲကွ"

"ကျွန်တော်တော့ ရေမငုပ်နိုင်သေးဘူးဗျာ"

"အေး... ရေမငုပ်နိုင်ရင် မင်းအတွက် ပိုက်ဆံမရဘူး။ ဒီသင်္ဘောမှာ စားနေတဲ့အတွက် မင်းပိုက်ဆံပြန်ပေးရမယ်။ ပိုက်ဆံမပေးရင် ထမင်းမကျွေးနိုင်ဘူးကွာ၊ ဒါပဲ"

mgyoe.com